# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၄)ရက် ၊ စနေနေ့ ၊ (13-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit)သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် တရုတ်သမ္မတနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးကွန်ဖရင့်သို့ တက်ရောက်ရန်ရှိပြီး အဆင့်မြင့်နည်းပညာသုံးစက်မှုလုပ်ငန်းများသို့ သွားရောက်လေ့လာသွားမည်ဖြစ်ပါသည်။ ခရီးစဉ်အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် စာမျက်နှာ ၂၅ ကော်လံ ၄





## ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်




နေပြည်တော် ဇွန် ၁၂

ကေဗွီ ၂၃၀ နမ့်စန်-မိုင်းပျဉ်း နှစ်ထပ်ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ခရိုင်၊ မြို့ဧရိယာများသို့ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး ယင်းဓာတ်အားလိုင်းကို တာဝန်ယူထိန်းသိမ်းသည့် မဟာဓာတ်အားလိုင်းမှူးရုံး(ကျိုင်းတုံ)မှ ဓာတ်အားလိုင်း အသေးစိတ်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ မိုင်းပျဉ်းမြို့နယ် တာကော်(၇)မိုင်ကျေးရွာအနီးရှိ စာမျက်နှာ ၂၃ ကော်လံ ၁

၁၃၂ ကေဗွီ ကျိုင်းတောင်း-နမ့်စန် ဓာတ်အားလိုင်း တိုင်အမှတ်(၁၅၇ နှင့် ၁၅၈)အကြား A-Phase ဓာတ်အားလိုင်းကြိုး ကြိုးလွှန်းဖွာနေသည့် ဓာတ်ပုံမှတ်တမ်း။

**မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်**

နေပြည်တော် ဇွန် ၁၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ**

စာမျက်နှာ - ၁၈

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပ**

စာမျက်နှာ - ၂၀

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၂၂

ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၁၃ ရက်
အယ်ဒီတာ့အာဘော်

# တပ်မတော်သားတို့၏ ပြည်သူ့အတွက် ကြိုးပမ်းစွမ်းဆောင်မှုများ

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျပြီး တည်ငြိမ်အေးချမ်းမှု မရှိပါက ဖွံ့ဖြိုးတိုးတက်ရေးသည် နောက်ကျနေဦးမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများကို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် တပ်မတော်က ဆောင်ရွက်လျက်ရှိသည်။

CNF၊ CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ချင်းပြည်နယ်အတွင်းရှိ မြို့၊ ရွာများအတွင်းဝင်ရောက်ပြီး အစိုးရ၏အုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန် လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် ထန်တလန်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ပြီး ထန်တလန်မြို့ကို ယာယီစိုးမိုးထိန်းချုပ်ခဲ့သည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ထန်တလန်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဆင်နွှဲပြီး ထန်တလန်မြို့ကို အောင်မြင်စွာ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ထန်တလန်ဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများက ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြမ်းဖက်သောင်းကျန်းသူများက အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ကာ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်တားဆီးနှောင့်ယှက်မှုများကြောင့် ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ထို့ကြောင့် ထန်တလန်ဒေသ၏ အဓိကကုန်စည် ပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည့် ဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် အဆိုပါလမ်းကြောင်း တစ်လျှောက်ကို ဇွန် ၄ ရက်မှစ၍ နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ ဇွန် ၉ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ဟားခါး-ထန်တလန် ဆက်သွယ်ရေး လမ်းကြောင်းကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည်။

အလားတူ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့်လမ်းကြောင်း တစ်ခုဖြစ်သော ကလေး-တမူး လမ်းကြောင်းကို PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၄ ခုနှစ်မှစတင်၍ ယာယီစိုးမိုးပိတ်ဆို့၍ လမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များကို ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြရာ ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်တို့မှာ ကူးသန်းသွားလာခြင်း မပြုလုပ်ရဲတော့သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးများနှောင့်နှေး၍ ဒေသတွင်းစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်ကာကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်မှစတင်၍ ကလေးမြို့ဘက်မှလည်းကောင်း၊ တမူးမြို့ဘက်မှလည်းကောင်း စစ်ကြောင်းများခွဲချီတက်၍ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ တပ်မတော်စစ်ကြောင်းများသည် ဟားခါး-ထန်တလန် လမ်းကြောင်းကိုပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားပြည်သူများ ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးခဲ့သကဲ့သို့ ကလေး-တမူးလမ်းကြောင်းကိုလည်း မကြာမီပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသောကြောင့် တပ်မတော်သားတို့၏ ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်ဦးထိပ်ထား၍ ကြိုးပမ်းစွမ်းဆောင်မှုများအပေါ် လေးစားဂုဏ်ယူလျက်ရှိပါကြောင်း ရေးသား လိုက်ရပေသည်။

# ဝမ်းတွင်းမြို့နယ် ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၇ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ကျောက်ဆည်မြို့နယ်ရှိ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ တောင်သူပညာပေးကွင်းသရုပ်ပြ



**ကျောက်ဆည် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ တစ်ပြိုင်တည်းဝါကောက်သိမ်းနိုင်မည့်နည်းစနစ်များနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဇွန် ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွန်ကျော်ခြံ တာဝန်ခံ ဒေါက်တာအေးအေးမြတ်က သရုပ်ပြဝါစိုက်ခင်းသည် ယခုနှစ် မိုးကြိုရာသီ၌ ရွှေတောင် (၁၀) ဝါ ၁၀ ဧက စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရာ၌ တစ်ပြိုင်တည်း ဝါပေါက်စေရန် အပင်ရက်သားအလိုက် အပင်ကြီးထွားမှု ထိန်းညှိဆေး သုံးစွဲရမည့်နှုန်းထားများ၊ အနည်းလိုအာဟာရဓာတ်များကို ရွက်ဖျန်းမြေသြဇာအဖြစ် ဖြည့်စွက်သုံးစွဲမှုနှင့် ဓာတ်မြေသြဇာများကို အချိုးကျရောစပ်သုံးစွဲရမည့် နည်းစနစ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က ရေငတ်ဒဏ်၊ ဆားငတ်ဒဏ် ခံနိုင်ရည်ရှိမည့် ဝါမျိုးများကို စမ်းသပ်စိုက်ပျိုးလျက်ရှိပြီး လက်ရှိစိုက်ပျိုးနေသော ဝါမျိုးများသည် သီးလုံးဖောက် ပိုးဒဏ်ခံနိုင်ရည်ရှိသောဝါမျိုးများဖြစ်ပြီး နှစ်ကာလ ကြာရှည်နေပြီဖြစ်သည့်အတွက် ဝါမျိုးသစ်များထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများက လွန်ကျော်ခြံ၌ စိုက်ပျိုးထားသော ဝါစိုက်ခင်းများကို ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ဝါသီးနှံစိုက်တောင်သူ စုစုပေါင်း ဦးရေ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၁၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၁၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၃၂၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ဧက ၂၆၀၊ တမူးမြို့နယ်တွင် ၃၇၅ ဧက၊ ခါမ်းပါတ်မြို့တွင် ၅၄၅ ဧက စုစုပေါင်း ဧက ၁၁၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေစိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် စိုက်ပျိုးဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီဖို့ စတဲ့စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေပေးခဲ့ပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## ကျိုက်မရောမြို့နယ် ကော့စွယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျိုက်မရော ဇွန် ၁၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့စွယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက ကော့စွယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကော့စွယ်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မေလပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်မည်ဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးထံမှ သိရသည်။

**သုတ**

## မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အများပြည်သူများကို အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာအုပ်စာပေများ ငှားရမ်းပေးရာတွင် စာအုပ်၌ ပါဝင်သည့်အကြောင်းအရာများကို သိရှိနားလည်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က စာဖတ်ဝိုင်းကျင်းပခြင်းဖြင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စာဖတ်ဝိုင်းကျင်းပခဲ့ရာ ရုပ်သံကျွမ်းကျင်-၃ ဒေါ်နီလာကျော်က စာရေးဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း စာအုပ်တွင်ပါဝင်သော လူငယ်နှင့် လူမှုရေးအတွေးအခေါ်များ၊ လူငယ်နှင့်တာဝန်သိမှု၊ လူငယ်နှင့် စူးစမ်းခြင်း၊ လူငယ်နှင့်အမှား၊ လူငယ်နှင့် အောင်မြင်ခြင်း စသည့် အကြောင်းအရာများကို ဖတ်ကြားခဲ့ရာ ဝန်ထမ်းများက သိရှိလိုသော အချက်အလက်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၇၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တန့်ဆည် ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၇၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၁၅၇ ကေနှင့် ဖူးစားပြောင်း ၁၀၁၆ ကေ စုစုပေါင်း ၈၁၇၃ ကေ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၅၈၅၆ ကေနှင့် ဖူးစားပြောင်း ၁၉၂၃ ကေ စုစုပေါင်း ၇၇၈၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပြောင်း ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## မြစ်သားမြို့ ဘူတာရပ်ကွက် မူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**မြစ်သား ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်း ဆေးကုသရေးအဖွဲ့မှ တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်း ဦးဆောင်၍ ဘူတာရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုကို ဇွန် ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြို့နယ်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍတွင် တိုင်းရင်းဆေးဖြင့် အကျိုးထိရောက်မှုရှိစွာ ကုသနိုင်ရန်ရည်ရွယ်၍ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းက ကျောင်းသား၊ ကျောင်းသူများကို အပူကြောင့်ဖြစ်သော ခေါင်းမူးခြင်း၊ ချွေးထွက်များခြင်း၊ အပူလျှပ်ခြင်းအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူ ၁၀၄ ဦး၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးနှင့် အရေပြားရောဂါစသည်တို့ကို တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးခဲ့သည်။

မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့က ကွင်းဆင်းကုသပေးခြင်းများကို မြို့ပေါ်၊ ကျေးရွာများရှိ စာသင်ကျောင်းများ၌လည်း သတ်မှတ်ရက်များအလိုက် ကွင်းဆင်းကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးအနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပုသိမ် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့နယ် ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းရွက်နှင့် ကွမ်းသီးများ တင်ပို့ရောင်းချလျက်ရှိရာ ဧပြီလအတွင်း ကွမ်းသီးအနုပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အား ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအား ကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"မေလအတွင်း ပုသိမ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာများလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ခဲ့ရခြင်းဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၀၅၀၀ ထိဈေးပေါက်နေပါတယ်။ လက်ရှိ ကွမ်းသီးအနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု ပုသိမ်မြို့နယ် ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး စနစ်တကျ ရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း ပုသိမ်မြို့နယ် ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဇွန် ၁၂**

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ Swallow Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က ယနေ့ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အသိအမြင်ဗဟုသုတများကို အများပြည်သူများ ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်၍ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးစစ်ဆေးရေးမှူး ဒေါ်ငြိမ်းမိုးရွှေက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ မဟာအောင်မြေခရိုင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းလဲ့လဲ့ရည်က တည်ဆဲအလုပ်သမားရေးရာဥပဒေများပါ ကလေးများ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းကော်မတီ(၈)ရပ်မှ အတွင်းရေးမှူးများ၊ လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးတာဝန်ခံ၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ၊ စက်မှုဇုန်ကော်မတီမှ တာဝန်ရှိသူများ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှ လုပ်ငန်းပိုင်ရှင်နှင့် မန်နေဂျာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အလင်းသစ်**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၀ စိုက်ပျိုးမည်

**မုံရွာ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ စပါးဧက ၄၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက် ပေးသွားပါမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးသွားပါမယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် စပါးစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## နှလုံးသားနှင့် အလှဆင်ပါ

\- ပန်းကြာငုံ ရနံ့သင်းလို့
ဖန်ဆင်းခဲ့ အလှဝတ်ရုံ၊
လရိပ်မှာ ရွှင်ပျော်မြူးတယ်
ပွင့်ဖူးတင့်စုံ၊
လရောင်က ငွေယမှုန်
ညင်းလေသုန် သွေးဆော်ဖြူး၊
လေညင်းနှယ်
ဝေသင်းဖွယ် ပန်းဂုဏ်နှံ့အောင်
ခြေဆန့်ဆောင်ကူး။

\- ပန်းဝတ်မှုန် သူ့သတင်း
လေညင်းက ယူဆောင်၊
လေသင့်ရာ ရှစ်လွှာအရပ်
နှံ့စပ်စုံအောင်၊
ဤလောက လူ့လွှာဘောင်
လူချင်းနှောင် လူ့ဂုဏ်သတင်း၊
အရပ်စုံ
မပြတ်ခြုံ အလှတိုးအောင်
ကြိုးစားစေမင်း။

\- သီကုံးပန်ဆင် နှလုံးသား
အမုန်းတရား ကင်းပစေ၊
ဖြူစင်ဖွယ် ရိုးသားမှု
ကြိုးစားပြုလေ၊
စာနာစိတ် တည်သန္ဓေ
မှီဖွေလို့ စေတနာထွေး၊
လောကဘောင်
သောကနှောင် သည်ညွှတ်ကွင်းက
လွတ်ကင်းကာ စမ်းတမျှနှင့်
ပန်းအလှနှယ်မွှေး။ ။

**ကိုမျိုး(ပွင့်ဦး)**

# မြင်းခြံမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်များပြုလုပ်ပေး

**မြင်းခြံ ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်များကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ပြုလုပ်ပေးခဲ့သည်။

ထိုသို့ ပြုလုပ်ပေးရာတွင် မြင်းခြံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ မြင်းခြံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်သူ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမော်နှင့် ဝန်ထမ်းများက အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးခြင်း လုပ်ငန်းများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြင်းခြံမြို့နယ် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၅၈ ဦးကို နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

# နိုင်ငံတကာ သတင်းများ

## အီရန်ကို စစ်ရေးအရထပ်မံတိုက်ခိုက်မည့်အစီအစဉ် အမေရိကန်သမ္မတ ဖျက်သိမ်း



ဝါရှင်တန် ဇွန် ၁၂

အီရန်ကို စစ်ရေးအရတိုက်ခိုက်မှု ထပ်မံပြုလုပ်မည့်အစီအစဉ်ကို မိမိဖျက်သိမ်းထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇွန် ၁၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးရန် သဘောတူညီချက်ရယူရေးအတွက် အီရန်နှင့်ဆွေးနွေးရာတွင် တိုးတက်မှုများရှိလာခြင်းကြောင့် အီရန်ကို စစ်ရေးအရတိုက်ခိုက်မှု ထပ်မံပြုလုပ်မည့်အစီအစဉ်ကို ဖျက်သိမ်းထားခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ယခုနှစ် ဧပြီ ၈ ရက်တွင် ရယူထားသည့် အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးပေးထားသော သဘောတူညီချက် တစ်ရပ်ကို လာမည့်ရက်အနည်းငယ်အတွင်း အမေရိကန်နှင့်အီရန်တို့ လက်မှတ်ရေးထိုးနိုင်ဖွယ် ရှိကြောင်းလည်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ပါကစ္စတန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ဧပြီ ၈ ရက်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ် ရယူထားသော်လည်း အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ပြီးခဲ့သည့်ရက်များအတွင်း လေကြောင်းတိုက်ခိုက်မှုများ အပြန်အလှန်ပြုလုပ်ခဲ့ကြသည်။

ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား လေကြောင်းတိုက်ခိုက်မှုများ နှစ်ရက်ဆက်တိုက် ဖြစ်ပွားခဲ့ရာ ဧပြီ ၈ ရက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားမည့် အရေးကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်ခဲ့ကြသည်။

အီရန်ရေနံလုပ်ငန်း၏ဗဟိုချက်ဖြစ်သော ခါ့ဂ်ကျွန်းကို တိုက်ခိုက်သိမ်းယူမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇွန် ၁၁ ရက် အစောပိုင်းတွင် ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျွန်ဟီလေ ရာထူးမှနုတ်ထွက်

လန်ဒန် ဇွန် ၁၂

ဗြိတိန် ကာကွယ်ရေးဝန်ကြီး ဂျွန်ဟီလေသည် ဇွန် ၁၁ ရက်တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်ဟု ဗြိတိန်မီဒီယာများက သတင်းထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကာကွယ်ရေးဝန်ကြီး ဂျွန်ဟီလေသည် စစ်ရေးအသုံးစရိတ်ကိစ္စနှင့်ပတ်သက်၍ ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာနှင့် အငြင်းပွားမှုများဖြစ်ပွားခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ကီရာစတမ်မာ အနေဖြင့် ဗြိတိန်ကို ကာကွယ်ရေးအတွက် စစ်ရေးအသုံးစရိတ်ကို အလုံအလောက်သုံးစွဲခဲ့ခြင်းမရှိကြောင်း ကာကွယ်ရေးဝန်ကြီး ဂျွန်ဟီလေက ဝေဖန်ပြောကြားထားသည်။

ကာကွယ်ရေးဝန်ကြီး ဂျွန်ဟီလေ ရာထူးမှနုတ်ထွက်ခဲ့မှုသည် နိုင်ငံရေးဖိအားများနှင့်ရင်ဆိုင်နေရသည့် လေဘာပါတီခေါင်းဆောင် ဝန်ကြီးချုပ် ကီရာစတမ်မာအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့ရသည်။

ကာကွယ်ရေးဝန်ကြီးရာထူးမှ ဂျွန်ဟီလေ နုတ်ထွက်ခဲ့ပြီးနောက် ဝန်ကြီးချုပ် ကီရာစတမ်မာသည် ပြည်တွင်းလုံခြုံရေးဝန်ကြီး ဒန်ဂျာဗစ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် ပြောင်းလဲနေရာပေးထားကြောင်း သိရသည်။

လွန်ခဲ့သည့်လကလည်း ဗြိတိန်ကျန်းမာရေးဝန်ကြီး ဝက်စ်စထရီတင်သည် ဝန်ကြီးချုပ် ကီရာစတမ်မာကို အမြော်အမြင်ကင်းမဲ့သူအဖြစ် ဝေဖန်ပြောကြားခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နယူးဇီလန်နိုင်ငံ ဝယ်လင်တန်လေဆိပ်၌ မီးလောင်မှုဖြစ်ပွား

ဝယ်လင်တန် ဇွန် ၁၂

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့ ဝယ်လင်တန်နိုင်ငံတကာလေဆိပ်၌ ယနေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ မီးလောင်မှုကြောင့် ဝယ်လင်တန် နိုင်ငံတကာလေဆိပ်တာဝန်ရှိသူများအနေဖြင့် ခရီးသည်များကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး လေယာဉ်အဆင်းအတက်များလည်း ယာယီရပ်တန့်ခဲ့ရသည်။

အဆိုပါ မီးလောင်မှုသည် ဝယ်လင်တန် နိုင်ငံတကာလေဆိပ်၏ ပင်မဆောင်၌ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။


ဝယ်လင်တန်လေဆိပ် မီးလောင်မှုကို မီးသတ်တပ်ဖွဲ့က လေဆိပ် မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

ဝယ်လင်တန်လေဆိပ် မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိတွင် ဝယ်လင်တန်လေဆိပ် မီးလောင်မှုအကြောင်းရင်းကို နယူးဇီလန်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## ပြည်နယ်များ ကိုယ်ပိုင်ရဲတပ်ဖွဲ့ထားရှိခွင့်ဆိုင်ရာ ဖွဲ့စည်းပုံပြင်ဆင်ချက် နိုင်ဂျီးရီးယားလွှတ်တော်အတည်ပြု



အဘူဂျာ ဇွန် ၁၂

နိုင်ဂျီးရီးယားပြည်နယ် ၃၆ ခုတို့ကို ကိုယ်ပိုင်ရဲတပ်ဖွဲ့များဖွဲ့စည်းခွင့်ပေးထားသောဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို နိုင်ဂျီးရီးယားအောက်လွှတ်တော်က ဇွန် ၁၁ ရက်တွင် အတည်ပြုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြည်တွင်း လုံခြုံရေးအခြေအနေဆိုးရွားလာမှုကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ဂျီးရီးယားအစိုးရက ကြိုးပမ်းနေချိန်တွင် အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်ကို နိုင်ဂျီးရီးယား အောက်လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ နိုင်ဂျီးရီးယားပြည်နယ်များအနေဖြင့် ဖက်ဒရယ်ရဲတပ်ဖွဲ့နှင့်အတူ ပြည်နယ်ကိုယ်ပိုင်ရဲတပ်ဖွဲ့များ ဖွဲ့စည်းထားရှိခွင့်ရရှိမည်ဖြစ်သည်။

လက်ရှိတွင် နိုင်ဂျီးရီးယားပြည်နယ် ၃၆ ခုတို့၏ လုံခြုံရေးကို နိုင်ဂျီးရီးယား ဖက်ဒရယ်ရဲတပ်ဖွဲ့က တာဝန်ယူထားသည်။

သို့ရာတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးများဖြင့် ဖက်ဒရယ်ရဲတပ်ဖွဲ့ကို တိုက်ရိုက်ထိန်းချုပ်ပိုင်ခွင့်မရှိခြင်းကြောင့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ရာတွင် ထိရောက်မှုမရှိကြောင်း နိုင်ဂျီးရီးယား လွှတ်တော်အမတ်များက ပြောကြားထားသည်။

ပြည်နယ်များ ကိုယ်ပိုင်ရဲတပ်ဖွဲ့ထားရှိခွင့်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ဂျီးရီးယားအထက်လွှတ်တော်ကလည်း ဆက်လက်အတည်ပြုပေးဖွယ် ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## ထိုင်းဘုရင့်သမီးတော် ဘက်ဂျရာကီတီယာဘာ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်

ဗန်ကောက် ဇွန် ၁၂

ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်း၏သမီးတော်ကြီးဖြစ်သည့် မင်းသမီး ဘက်ဂျရာကီတီယာဘာ နန်ရန်ဒီရာဒီဗျာဝတီသည် ဇွန် ၁၁ ရက် ညနေပိုင်းတွင် ဗန်ကောက်မြို့ ကင်းချူလာလောင်ကွန်းဆေးရုံ၌ ကွယ်လွန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မင်းသမီး ဘက်ဂျရာကီတီယာဘာသည် ကွယ်လွန်ချိန်တွင် အသက် ၄၇ နှစ်ရှိပြီဖြစ်ကြောင်း ထိုင်းဘုရင့်နန်းတော် ကြေညာချက်၌ ဖော်ပြထားသည်။

မင်းသမီး ဘက်ဂျရာကီတီယာဘာသည် ကျန်းမာရေးအခြေအနေ အမျိုးမျိုးကြောင့် ဆေးရုံပေါ်၌ လေးနှစ်နီးပါးကြာ တက်ရောက်ခဲ့ပြီးနောက် ဇွန် ၁၁ ရက် ညနေပိုင်းတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

မင်းသမီး ဘက်ဂျရာကီတီယာဘာသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း နခွန်ရာချာဆီမာပြည်နယ်သို့ သွားရောက်စဉ် နှလုံးကျန်းမာရေးပြဿနာတစ်မျိုးကြောင့် ရုတ်တရက် သတိလစ်မေ့မြောခဲ့ပြီးနောက် ဆေးရုံသို့စတင်တက်ရောက်ခဲ့ရသည်။

မင်းသမီး ဘက်ဂျရာကီတီယာဘာသည် ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်းနှင့်ပထမကြင်ယာတော်မင်းသမီး ဆွမ်ဆာဝါလီတို့မှ ၁၉၇၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။

ကွန်နဲလ်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ပြီး ဥပဒေမဟာဘွဲ့နှင့် ဒေါက်တာဘွဲ့များ ရယူခဲ့သော မင်းသမီးဘက်ဂျရာကီတီယာဘာသည် ဩစတြီးယား၊ ဆလိုဗေးနီးယား၊ ဆလိုဗက်ကီးယားနိုင်ငံများ၌ ထိုင်းနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ်လည်း တာဝန်ယူခဲ့ဖူးသည်။

မင်းသမီး ဘက်ဂျရာကီတီယာဘာ၏ ဈာပနအခမ်းအနားကို နန်းတွင်း ဓလေ့ထုံးစံများနှင့်အညီ ကျင်းပမည်ဟု ထိုင်းအစိုးရက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက ဇွန် ၁၁ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် ဇွန် ၁၂**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဇွန် ၁၁ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၄ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၄ စင်းသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာဂ့်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဇွန် ၁၁ ရက် မစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ စတားလင့်ခ်ဂြိုဟ်တုစင်းရေ ၁၀၆၀၀ ကျော်ထိရှိလာပြီဖြစ်သည်။

အထက်ပါ မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၆၇ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## တစ်နာရီလျှင် မိုင် ၂၀၁ သန်းနှုန်းဖြင့် လေစီးကြောင်းမှုတ်ထုတ်နေသော မဟာအာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၁၂**

တစ်နာရီလျှင် မိုင် ၂၀၁ သန်းနှုန်းဖြင့် လေစီးကြောင်းမှုတ်ထုတ်နေသော မဟာအာကာသတွင်းနက်တစ်ခုကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျေ ၂၃၁၈ ဟူ၍ အမည်ပေးထားသော အဆိုပါ မဟာအာကာသတွင်းနက် မှုတ်ထုတ်နေသော လေစီးကြောင်းများ၏ အမြန်နှုန်းမှာ အလင်းရောင်အလျင်၏ ၃၀ ရာခိုင်နှုန်းထိရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ဂျေ ၂၃၁၈ မဟာအာကာသတွင်းနက်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် သုံးဘီလီယံအကွာတွင် တည်ရှိပြီး ဒြပ်ထုအားဖြင့် နေ၏ ဒြပ်ထုထက် အဆပေါင်း ၁ ဒသမ ၇ ဘီလီယံရှိကြောင်း သိရသည်။



ဂျေ ၂၃၁၈ မဟာအာကာသတွင်းနက်၏ လေစီးကြောင်းများမှာ နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာဂြိုဟ်ပေါ်တွင် ပြင်းအားအဆင့် ၇၉ ဟာရီကိန်းမုန်တိုင်းနှင့် ညီမျှလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြယ်စုကြီးများ၏ ဗဟိုချက်တွင် တည်ရှိတတ်သည့် မဟာအာကာသ တွင်းနက်များသည် စွမ်းအင်မှုန်များကို လေစီးကြောင်းများသဖွယ် မှုတ်ထုတ်တတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ဂျေ ၂၃၁၈ မဟာအာကာသတွင်းနက်ကို မြေပြင်အခြေစိုက် ရေဒီယို တယ်လီစကုပ်များဖြင့် လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်များကို ဖော်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**

## ကမ္ဘာ့အနက်ရှိုင်းဆုံးနှင့် အကြီးမားဆုံး ဝေလငါးသင်္ချိုင်းကို အိန္ဒိယသမုဒ္ဒရာ အရှေ့တောင်ပိုင်းရေအောက်ကြမ်းပြင်၌ တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ပေကျင်း ဇွန် ၁၂**

ကမ္ဘာ့အနက်ရှိုင်းဆုံးနှင့် အကြီးမားဆုံး ဝေလငါးသင်္ချိုင်းကို အိန္ဒိယသမုဒ္ဒရာ အရှေ့တောင်ပိုင်း ရေအောက်ကြမ်းပြင်၌ တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယသမုဒ္ဒရာ၏ရေအောက် အနက် မီတာ ၇၀၀၀ တွင်ရှိသော အဆိုပါ ဝေလငါးသင်္ချိုင်းနေရာမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၅ ဒသမ ၃ သန်းထိရှိသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ အဆိုပါ ဝေလငါးသင်္ချိုင်းနေရာမှာ ကမ္ဘာ့အနက်ရှိုင်းဆုံး ဝေလငါးသင်္ချိုင်း နေရာဖြစ်ကြောင်း သိရသည်။

ယခင်တွေ့ရှိခဲ့ဖူးသော ကမ္ဘာ့အနက်ရှိုင်းဆုံး ဝေလငါးသင်္ချိုင်းနေရာမှာ ရေအောက်အနက် ၄၂၀၄ မီတာတွင်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့အနက်ရှိုင်းဆုံး ဝေလငါးသင်္ချိုင်းတည်ရှိရာနေရာမှာ ဒိုင်ယာမင်တီနာအမည်ရှိ အိန္ဒိယသမုဒ္ဒရာ ရေပြင်ဇုန်ဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် ဒိုင်ယာမင်တီနာဇုန်၏ စတုရန်းကီလိုမီတာ ၁၆၀၀ အကျယ်အဝန်းရှိ ရေပြင်အတွင်း စူးစမ်းရှာဖွေမှုများ ပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာ့အနက်ရှိုင်းဆုံးဝေလငါးသင်္ချိုင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အူမကြီးကင်ဆာနှင့် မျိုးဥအိမ်ကင်ဆာ ရောဂါတို့ကို ကာကွယ်ပေးမည့်ဆေးတစ်မျိုး ဗြိတိန်သုတေသနပညာရှင်များ စမ်းသပ်မည်

**လန်ဒန် ဇွန် ၁၂**

အူမကြီးကင်ဆာနှင့် မျိုးဥအိမ်ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားသူများအတွက် ၎င်းရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်မည့် ကာကွယ်ဆေးတစ်မျိုးကို ဗြိတိန်သုတေသနပညာရှင်များက စမ်းသပ်မည်ဖြစ်ကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

mRNA-4194 အမည်ရှိ အဆိုပါ ကာကွယ်ဆေးကို Lynch Syndrome ရောဂါရှိနေသူများဖြင့် ယခုနှစ်နွေဦးရာသီတွင် စမ်းသပ်ရန် သုတေသနပညာရှင်များက စီစဉ်ထားသည်။

Lynch Syndrome ရောဂါသည် အူမကြီးကင်ဆာ၊ သားအိမ်ကင်ဆာနှင့် မျိုးဥအိမ်ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားလာမှုနှင့် ဆက်စပ်ကြောင်း သိရသည်။

Lynch Syndrome ရောဂါလူနာများနှင့် ပြုလုပ်မည့် လက်တွေ့စမ်းသပ်မှုတွင် သုတေသနပညာရှင်များသည် mRNA-4194 ထိုးဆေးအနေဖြင့် ကင်ဆာအကြိုဆဲလ်များကို ရှာဖွေဖျက်ဆီးရာတွင် ခုခံအားစနစ်ကိုလေ့ကျင့်ထိန်းကျောင်းပေးနိုင်မှု ရှိ၊ မရှိကို လေ့လာစောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

Lynch Syndrome ရောဂါသည် ကင်ဆာရောဂါများ၏ တိုက်ရိုက်အကြောင်းတရား မဟုတ်သော်လည်း ၎င်းရောဂါ၏ နောက်ဆက်တွဲ မျိုးဗီဇအပြောင်းအလဲများကြောင့် မူမမှန်သည့်ဆဲလ်များ ပေါ်ထွက်လာပြီး ကင်ဆာဆဲလ်များအဖြစ် ပြောင်းလဲသွားတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အရိုးအဆစ်များနာကျင်ကိုက်ခဲမှုကို လျှော့ချပေးသည့်ဆေးတစ်မျိုးက Dementia ဖြစ်နိုင်ခြေမြင့်မားမှုနှင့် ဆက်စပ်နေနိုင်

**နယူးယောက် ဇွန် ၁၂**

အရိုးအဆစ်များနာကျင်ကိုက်ခဲမှုကို လျှော့ချပေးသည့်ဆေးတစ်မျိုးသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်မားလာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Glucosamine ခေါ် အဆိုပါ ဆေးသည် Dementia ရောဂါဖြစ်ပွားနိုင်ခြေ ၂၅ ရာခိုင်နှုန်းမြင့်မားလာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ထို့ပြင် Glucosamine ဆေးသည် Dementia ရောဂါရှိနေသော လူနာများကြား အသက်ဆုံးပါးနိုင်ခြေ ၂၅ ရာခိုင်နှုန်းမြင့်မားလာမှုနှင့်ဆက်စပ်နေကြောင်း ဖလော်ရီဒါတက္ကသိုလ်မှ အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

Glucosamine သည် လူခန္ဓာကိုယ်အတွင်းရှိ အရိုးနုများကို ကာကွယ်ပေးသည့် သဘာဝအလျောက် ပေါ်ထွက်လာတတ်သော အမိုင်နိုသကြားဓာတ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

Glucosamine အားဖြည့်ဆေးများသည် အရိုးအဆစ်ရောင်ရမ်းမှုရောဂါ(Osteoarthritis) လူနာများအသုံးများသော ဆေးဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**






## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၂**

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် ညနေ ၄ နာရီက သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားရုံ၌ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ တာဝန်ရှိသူများက မြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ဆုရရှိကြသည့် အားကစားသမားများကို သတ်မှတ်ကီလိုဂရမ်အလိုက် ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး အသင်းလိုက် တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ရာ ကကွက်တံခွန်စိုက်ဆုရရှိသောအသင်းနှင့် အတိုက်တံခွန်စိုက်ဆုရရှိသော အသင်းတို့ကို တစ်သင်းလျှင် ငွေသားဆုများနှင့်အတူ တံခွန်စိုက်ဆုဖလားကြီးများကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရအားကစားသမားများနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA




## RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီး တီဂါလာ၊ ဆမ်ဘန်း၊ ကိုပ်ကာတို့အပါအဝင် ပြိုင်ပွဲဝင် ခြောက်ဦးက အမှတ်ပေးဇယားကို ဦးဆောင်

**တိုရွန်တို ဇွန် ၁၂**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင်ကျင်းပနေသည့် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် တီဂါလာ၊ ဆမ်ဘန်း၊ ကိုပ်ကာတို့အပါအဝင် ပြိုင်ပွဲဝင် ခြောက်ဦးက သတ်မှတ်ရိုက်ချက်ထက်ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ရှိန်းလောရီအပါအဝင် ပြိုင်ပွဲဝင် ၁၂ ဦးက သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေကြသည်။

ကိုပ်ကာအနေဖြင့် LIV Golf အဖွဲ့ချုပ်မှ ကူးပြောင်းလာခဲ့ပြီးနောက် PGA Tour အဖွဲ့ချုပ်တွင် ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲများအနက် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့တွင် စွမ်းဆောင်ပြနိုင်ခဲ့သည့်စွမ်းဆောင်ရည်သည် အကောင်းဆုံးဖြစ်သည်။

ကိုပ်ကာက "ကျွန်တော့်အနေနဲ့ ရလဒ်ကောင်းခဲ့တယ်ဆိုပေမဲ့ ရိုက်ချက်တချို့ဟာ မှန်ကန်တဲ့ရိုက်ချက် မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့ ကျင်းစိမ်တဲ့အပိုင်းမှာတော့ သိပ်ကိုကောင်းမွန်ခဲ့ပါတယ်။ ဒါ့ကြောင့် ရလဒ်ကောင်းခဲ့တာပါ။"ဟု ပြောကြားခဲ့သည်။

ဆမ်ဘန်းက "ဒီပြိုင်ပွဲဝင်ဖို့အတွက် ပြင်ဆင်မှုတွေ သေချာလုပ်ဖြစ်ခဲ့ပါတယ်။ ဒီပြိုင်ပွဲနဲ့ ပတ်သက်ပြီးတော့လဲ ကျွန်တော့်မှာ အမှတ်တရကောင်းတွေရှိခဲ့ပါတယ်။ နောက်ထပ် အမှတ်တရကောင်းတွေ ကျန်အောင်လဲ နောက်ဆုံးနေ့ထိ အကောင်းဆုံး ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : SkySports
Trs : AZL

## ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယမြောက်ဖွင့်ပွဲအခမ်းအနားကို ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပ



**တိုရွန်တို ဇွန် ၁၂**

မက္ကဆီကိုနိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်နိုင်ငံတို့က သုံးနိုင်ငံ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယမြောက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ BMO Field အားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နိုင်ငံသုံးနိုင်ငံခွဲပြီး ဖွင့်ပွဲအခမ်းအနားကိုလည်း နိုင်ငံအလိုက် ကျင်းပခဲ့ကြသည့်အတွက် ပထမဖွင့်ပွဲကို မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့ပြီးနောက် ယခုအခါ ဒုတိယမြောက်ဖွင့်ပွဲအခမ်းအနားကို ကနေဒါနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ကနေဒါနိုင်ငံအနေဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ကနေဒါနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ကနေဒါနိုင်ငံအလံနှင့် အထိမ်းအမှတ်သင်္ကေတများကို ရောင်စုံမီးအလှများဖြင့်လှပစွာ ပုံဖော်ပြသခဲ့သည့်အပြင် ပြိုင်ပွဲဝင်အသင်းများ၏ အထိမ်းအမှတ်များကိုလည်း လူအများအပြားအသုံးပြုကာ ရောင်စုံမီးဆလိုက်များဖြင့် ပြသခဲ့ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားတွင် နာမည်ကြီးအဆိုတော် မိုက်ကယ်ဘက်ဘဲ ဦးဆောင်ပြီး မီချယ်ဘူဘယ်လီ၊ အလန်နစ်၊ အလီဆာကာရာ၊ အယ်လ်ယာနာ၊ နိုရာဖာတီဟီ အစရှိသည့်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် အိမ်ရှင် ကနေဒါအသင်းနှင့် ဘော့စနီးယားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆက်လက်ပြီး ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တတိယမြောက်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့ရှိ Sofi အားကစားကွင်းတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : STA

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် အနီကတ်သုံးကြိမ်ပြသခံရသည့် ပထမဆုံးပွဲစဉ်အဖြစ် မက္ကဆီကိုအသင်းနှင့် တောင်အာဖရိကအသင်းတို့ပွဲစဉ်ဖြစ်လာ

**မက္ကဆီကိုစီးတီး ဇွန် ၁၂**

ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မက္ကဆီကိုအသင်းနှင့် တောင်အာဖရိကအသင်းတို့ ပွဲစဉ်တွင် အနီကတ် သုံးကြိမ်ပြသခံခဲ့ရပြီးနောက် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် အနီကတ်သုံးကြိမ်ပြသခံရသည့် ပထမဆုံးပွဲစဉ်ဖြစ်လာခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင်မက္ကဆီကိုအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး မက္ကဆီကိုအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် ကွီယူနိုနက်နှင့် ပွဲချိန် ၆၇ မိနစ်တွင် ဂျီမီနက်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

သို့သော် အဆိုပါပွဲစဉ်တွင် တောင်အာဖရိကအသင်းက ပွဲချိန် ၄၉ မိနစ်၌ ဆစ်ဟိုလီနှင့် ပွဲချိန် ၈၄ မိနစ်တွင် သမ်ဘာတို့က တိုက်ရိုက် အနီကတ်ပြသခံခဲ့ရသကဲ့သို့ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို နှစ်မိနစ်တွင် မက္ကဆီကိုအသင်းမှ မွန်တက်က အနီကတ် ထပ်မံ ပြသခံခဲ့ရသည့်အတွက် အဖွင့်ပွဲစဉ်တွင် အနီကတ်သုံးကြိမ် ပြသခံခဲ့ရခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲအစမှ အဆုံးထိ အနီကတ် လေးကြိမ်သာရှိခဲ့ပြီး ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင်ပင် အနီကတ်သုံးကြိမ်ထိ ရှိလာခဲ့ကြောင်း သိရသည်။

Ref : The Athletic
Trs : STA

## မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၄)တွင် ဂလက်ဆီအက်ဖ်စီအသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းတို့နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဂလက်ဆီအက်ဖ်စီအသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက် အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

ဦးစွာ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဂလက်ဆီအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဂလက်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် မြတ်မင်းသူက သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက သီဟသီပအားကစားကွင်းတွင် ရှမ်းယူနိုက်တက် အသင်းနှင့် စစ်ကိုင်းယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၃ မိနစ်တွင် အောင်ချစ်၊ ပွဲချိန် ၃၈ မိနစ်တွင် ဝေလွှမ်းရှိုင်း၊ ပွဲချိန် ၄၅ မိနစ်တွင် သူရတို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ချင်းလန်းအက်ဖ်စီ အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်တွင် ထူးဝဏ္ဏ၊ ပွဲချိန် ၁၆ မိနစ်တွင် ကောင်းမြတ်အောင်တို့က သွင်းယူခဲ့ကြောင်း သိရသည်။



STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီနိုင်ငံ Diehl ကာကွယ်ရေးကုမ္ပဏီက မျိုးဆက်သစ် IRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသ




ဂျာမနီနိုင်ငံ Diehl ကာကွယ်ရေးကုမ္ပဏီက မျိုးဆက်သစ် IRIS-T လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Diehl ကာကွယ်ရေးကုမ္ပဏီသည် အဆိုပါ "IRIS-T SLS MK 4"ဟု အမည်ရသည့်စနစ်ကို ဇွန် ၉ ရက်တွင် တရားဝင်ပြသခဲ့ခြင်းဖြစ်သည်။ ဤစနစ်သည် ကုမ္ပဏီ၏ စတုတ္ထမျိုးဆက် တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်ပြီး ပစ်မှတ်ကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိသည့် အကွာအဝေးအတိုင်းအတာကို ရန်သူ့ပစ်မှတ်နှင့် ၁၂ ကီလိုမီတာထိလည်းကောင်း၊ ပျံသန်းမှုအမြင့်ပေကို ခြောက်ကီလိုမီတာထိလည်းကောင်း တိုးမြှင့် အဆင့်မြှင့်တင်ထားသည်။ ဤကဲ့သို့ အဆင့်မြှင့်တင်မှုများကြောင့် လက်နက်စနစ် ကာကွယ်ပေးထားသည့်နယ်မြေအတွင်းရှိ မဟာဗျူဟာမြောက်ပစ်မှတ်များအတွက် ပိုမိုလုံခြုံစိတ်ချရသော လေကြောင်းရန် အကာအကွယ်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် မူလပုံစံဟောင်းထက် ထူးခြားသည်မှာ MK 4 စနစ်တွင် တိုက်ပွဲဝင်အသင့်ရှိ ဒုံးကျည်သိုလှောင်ဆန့်မှုကို ရှစ်စင်းထိ (ယခင်ထက် ရှစ်ဆ) တိုးမြှင့်တပ်ဆင်ထားသဖြင့် လောင်ချာယာဉ်တစ်စင်းတည်းဖြင့် ရန်သူ့ပစ်မှတ်အမြောက်အမြားကို ခဲယမ်းပြန်လည်ဖြည့်တင်းရန်မလိုဘဲ အဆက်မပြတ် ကြားဖြတ်ပစ်ချနိုင်စွမ်း ရှိလာခြင်းဖြစ်သည်။

IRIS-T SLS စနစ်သည် ယူကရိန်းပဋိပက္ခအတွင်း ထင်ရှားကျော်ကြားလာခဲ့သည့် အနီးကပ် လေကြောင်းရန် ကာကွယ်ရေး ပလက်ဖောင်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဂျာမနီနိုင်ငံသည် ၂၀၂၂ ခုနှစ်နှောင်းပိုင်းမှ စတင်၍ ယူကရိန်းနိုင်ငံသို့ IRIS-T SLM စနစ်များကို ထောက်ပံ့ပေးခဲ့ပြီး ရုရှား၏ ခရုဇ်ဒုံးကျည်များနှင့် ပဲ့ထိန်းဒုံးကျည်များအပေါ် ကြားဖြတ်တိုက်ခိုက်ရာတွင် ၎င်းတို့၏ ကောင်းမွန်လှသော စွမ်းဆောင်ရည်များကို တိုက်ပွဲအစီရင်ခံစာများ၌ မှတ်တမ်းတင်နိုင်ခဲ့သည်။

လက်ရှိပြသခဲ့သည့် SLS (Short Range Land-based System) ဗားရှင်းသည် ပိုမိုကျယ်ပြန့်သော IRIS-T မြေပြင်အခြေစိုက် ဒုံးကျည်အုပ်စုဝင်များထဲတွင် ကိုယ်ထည်ပိုမိုကျစ်လျစ်ပြီး ရွှေ့ပြောင်းရလွယ်ကူအောင်မွမ်းမံထားသည့် ဗားရှင်းဖြစ်သည်။ ၎င်းသည် သမားရိုးကျ ဝေဟင်မှ ဝေဟင်ပစ် IRIS-T ဒုံးကျည်ကိုပင် မြေပြင်မှ ဝေဟင်ပစ်အဖြစ် အသုံးပြုထားသော်လည်း အရွယ်အစား ပိုမိုကြီးမားသော SLM ဗားရှင်းကဲ့သို့ အချက်အချာဧရိယာ ကာကွယ်ရေးအခန်းကဏ္ဍထက် စစ်မြေပြင်တွင် ရုတ်တရက် တပ်ရွှေ့ပြောင်းခြင်းနှင့် စစ်ကြောင်းလိုက် အနီးကပ် အကာအကွယ်ပေးရေးအတွက် အထူးရည်ရွယ်၍ အကောင်းဆုံးဖြစ်အောင် မွမ်းမံထားခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆင်ရေးအရ ဤကွာခြားချက်သည် အလွန်အရေးကြီးသည်။ သမားရိုးကျ SLM စနစ် သည် တစ်နေရာတည်းတွင် အတည်တကျတပ်စွဲပြီး ကျယ်ပြန့်သော ပထဝီဝင်နယ်မြေကို လေကြောင်းရန် ကာကွယ်ပေးသော်လည်း ယခု SLS စနစ်ကိုမူ ရှေ့တန်းစစ်ကြောင်းများနှင့်အတူ တိုက်ပွဲဝင်ရင်း လိုက်ပါရွှေ့ပြောင်းနိုင်ရန်နှင့် စစ်တပ်များ နေရာပြောင်းရွှေ့နေစဉ်အတွင်း လေကြောင်းရန်မှ ထိရောက်စွာ ကာကွယ်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ လက်ရှိစစ်မြေပြင်များတွင် လေကြောင်းရန်ကာကွယ်ရေး ရေဒါစနစ်များ စတင်လှိုင်းထုတ်လွှတ်သည်နှင့် တစ်ပြိုင်နက် မိနစ်ပိုင်းအတွင်း ရန်သူ့ဘက်က တိကျပစ်လက်နက်များဖြင့် တန်ပြန်ဖုံးကြဲတိုက်ခိုက်ခြင်းကို ခံရလေ့ရှိသဖြင့် ယခုကဲ့သို့ လျင်မြန်စွာ ရွှေ့ပြောင်းနိုင်သည့် စွမ်းဆောင်ရည်သည် ခေတ်သစ်စစ်ပွဲအတွက် အလွန်တရာအရေးပါသော မဟာဗျူဟာမြောက် လိုအပ်ချက်တစ်ခု ဖြစ်လာကြောင်း သိရသည်။

**Diehl unveils new-generation IRIS-T air defense system** ကို ဘာသာပြန်ဆိုထားပါသည်။

## ပြင်သစ်နိုင်ငံက လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တာတိုပစ် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များဖြင့် အဆင့်မြှင့်တင်မည်

ပြင်သစ်နိုင်ငံသည် လက်ရှိ သုတေသနပြု တီထွင်ထုတ်လုပ်ဆဲအဆင့်တွင်ရှိသော SAMP/T NG လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တာတိုပစ် VL MICA ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များဖြင့် အဆင့်မြှင့်တင်မည်ဟု The Defense Post သတင်းဌာနက ဇွန် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအဆင့်မြှင့်တင်မှုကြောင့် အဆိုပါစနစ်သည် ဝေဟင်မှလာသမျှသော ခြိမ်းခြောက်မှုအန္တရာယ် အမျိုးအစားအားလုံးကို အလုံးစုံ တန်ပြန်ခြေမှုန်းနိုင်စွမ်း ရှိလာမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များနှင့် သမားရိုးကျ Air-breathing အင်ဂျင်သုံး ပစ်မှတ်များကို အကွာအဝေးကီလိုမီတာ ၁၅၀ ကျော်ထိ ကြားဖြတ်ပစ်ချနိုင်စွမ်းရှိသည့် နောက်ဆုံးပေါ် Aster 30 B1NT ဒုံးကျည်များတပ်ဆင်ထားသော SAMP/T NG စနစ် ရှစ်စုံကို ကြိုတင်မှာယူထားပြီးဖြစ်သည်။

အဆိုပါစနစ်တွင် Thales ကုမ္ပဏီထုတ် Ground Fire 300 လည်ပတ်နိုင်သော Active Electronically Scanned Array (AESA)ရေဒါစနစ်ပါဝင်ပြီး ၎င်းသည် ၃၆၀ ဒီဂရီပတ်ပတ်လည်လုံးကို ကွက်လပ်မရှိလွှမ်းခြုံထားနိုင်ကာ ထောက်လှမ်းမှုအကွာအဝေးမှာ ကီလိုမီတာ ၃၅၀ ထိရှိသည်။

အလွှာအလိုက် ကာကွယ်ရေးစနစ် သို့မဟုတ် ဒိုင်းလွှာစနစ် (Multilayer SAMP/T NG) အလွှာအလိုက်ကာကွယ်ရေးစနစ် (Multilayer Configuration)သို့ ပြောင်းလဲလိုက်ခြင်းဖြင့် SAMP/T NG သည် ရန်သူ့ဒရုန်းနှင့် တိုက်လေယာဉ်များ အုပ်စုဖွဲ့စုပြုံတိုက်ခိုက်ခြင်းနှင့် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ စုပြုံထိုးဖောက်ဝင်ရောက်ခြင်းများကို စိတ်ချရစွာ တန်ပြန်နိုင်သည့် အလိုအလျောက် အဆင့်မြှင့်တင်နိုင်သော စနစ်တစ်ခုဖြစ်လာမည်ဖြစ်သည်။ ယင်းတိုက်ခိုက်မှုများတွင် လူလိုက်ပါမောင်းနှင်သော လေယာဉ်၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များ၊ ရေဒါဖျက်ဒုံးကျည်နှင့် နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များ ပါဝင်သည်။

ဤအဆင့်မြှင့်တင်မှုအရ SAMP/T NG ၏ တိုက်ပွဲဝင်ပစ်ခတ်မှု မော်ဂျူးနှင့် Ground Fire 300 ရေဒါစနစ်တို့ကို ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး Aster ဒုံးပစ်လွှတ်စင် ခြောက်ခုနှင့် VL MICA ဒုံးပစ်လွှတ်စင် ခြောက်ခုထိ ပေါင်းစပ်ချိတ်ဆက်တပ်ဖြန့်နိုင်မည်ဖြစ်သည်။ VL MICA ဒုံးကျည်သည် ကီလိုမီတာ ၃၀ ထိ ကြားဖြတ်ပစ်ခတ်နိုင်ပြီး ဗားရှင်းအသစ်ဖြစ်သော VL MICA NG တွင်မူ ပစ်ခတ်မှုအကွာအဝေး ကီလိုမီတာ ၄၀ ထိရှိသည်။



စနစ်၏ တိုက်ပွဲဝင်ပစ်ခတ်မှုမော်ဂျူးသည် ဒုံးကျည်အမျိုးအစားနှစ်ခုလုံး၏ ပစ်ခတ်မှုများကို အလိုအလျောက်ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ပြီး ဝင်ရောက်လာသော ပစ်မှတ်တစ်ခုချင်းစီ၏ အမျိုးအစားအပေါ်မူတည်၍ အသင့်တော်ဆုံးနှင့် အထိရောက်ဆုံးဖြစ်မည့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ကို ရွေးချယ်တာဝန်ပေး(Assign)သွားမည်ဖြစ်သည်။ ဤသို့ အလွှာအလိုက် ကာကွယ်ရေးစနစ်ဖွဲ့စည်းမှုပုံစံကို ပြင်သစ်တပ်မတော်ထံ ၂၀၃၀ ပြည့်နှစ်တွင် စတင်လွှဲပြောင်းပေးအပ်ရန် လျာထားသည်။

**France Enhances SAMP/T NG WithShort-Range VL MICA Interceptors** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ခရီးသွားဆောင်းပါး

# ရောက်ရှိဖူးမြော် ငါးပြေမဆရာတော်၊ ပူဇော်ဝတ်ကပ်ရုပ်ကလာပ်

သက်နိုင်(ပြင်ဦးလွင်)

ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ကို ရောက်နေစဉ်တွင် ငွေတောင်ပင်လယ်ကမ်းခြေနဲ့ ကနုကမာရွာမှာရှိနေတဲ့ ဆားကွင်းဆားကွက်တွေကို လေ့လာအပြီး ညစာထမင်းစားသောက်နေကြပါပြီ။ ကနုကမာရွာက လျှပ်စစ်မီးမရသေးတာကြောင့် ရွာတစ်ရွာလုံး ဆိုလာမီးတွေကို အသုံးပြုနေကြရသလို အခုစားသောက်နေကြတဲ့ ညစာထမင်းကိုလဲ ဆိုလာမီးလုံးတွေအောက်မှာ မြင်မြင်ထင်ထင်စားသောက်နေကြရတယ်။ ဒီလိုဆိုလာမီးတွေ မပေါ်ပေါက်ခင် ရေနံဆီမီးခွက်တွေ၊ မီးအိမ်တွေ၊ ဖယောင်းတိုင်တွေ၊ ဘက်ထရီမီးတွေနဲ့စာရင် ဆိုလာမီးက ပိုမိုကောင်းမွန်အသုံးဝင်နေပါတယ်။

ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့ကြတာ သုံးညအိပ် လေးရက်မြောက်ရှိနေခဲ့ပြီး နေ့စဉ်ရက်ဆက်ဆိုသလို ပင်လယ်စာဟင်းတွေကို စားသောက်နေကြရပေမဲ့ ငြီးငွေ့ခြင်းမရှိကြသေးပါဘူး။ စားကောင်းကောင်းနဲ့ ဆက်စားနေကြသေးတယ်။ ထမင်းစားသောက်ပြီးတဲ့အချိန်မှာတော့ ဝိုင်းဖွဲ့ပြီး စကားပြောတာတွေ၊ တစ်နေကုန်လည်ပတ်ထားကြတာတွေကြောင့် ပင်ပင်ပန်းပန်းနဲ့ စောစောစီးစီးအိပ်ရာဝင်ခဲ့ကြတယ်။ မိမိတို့ရဲ့ ခရီးအစီအစဉ်က နောက်တစ်နေ့မနက်မှာ ဂေါ်ရန်ဂျီကျွန်းကို ဆက်လက်သွားရောက်ကြဖို့ပါ။ ဂေါ်ရန်ဂျီကျွန်းမှာ လေ့လာလည်ပတ်ပြီးကြတာနဲ့ ဟိုင်းကြီးကျွန်းကို ပြန်မလာကြတော့ဘဲ ပြင်ဦးလွင်မြို့ကို ပြန်ကြဖို့စီစဉ်ထားကြတယ်။ ဒါပေမဲ့ ဂေါ်ရန်ဂျီကျွန်းမှာ တစ်ညနဲ့ရန်ကုန်မြို့မှာတစ်ည၊ စုစုပေါင်း နှစ်ညထပ်မံအိပ်စက်နားခိုကြရအုံးမှာပါ။ ဒီလိုအိပ်စက်ရပ်နားကြရတာကလဲ ခရီးစဉ်အရနဲ့ တစ်နေရာနဲ့တစ်နေရာ မိုင်ရာချီဝေးကွာနေတာကြောင့် ဖြစ်ပါတယ်။

နောက်တစ်နေ့မနက် အိပ်ရာထကြတာနဲ့ အိမ်ရှင်ညီဝမ်းကွဲ၊ ညီမဝမ်းကွဲတွေကို မနက်စာစားသောက်ကြဖို့အတွက် ဘာမှမလုပ်ခိုင်းတော့ဘဲ တစ်ရွာလုံးမှာ တစ်ဆိုင်တည်းသာရှိပြီး အကြော်နဲ့တစ်ပွဲကို ငွေကျပ် ၅၀၀ သာရှိတဲ့ မုန့်ဟင်းခါးကို သွားရောက်စားသောက်လိုက်ကြတယ်။ အရင်ဆုံးစားသောက်ပြီးခဲ့တဲ့သူက မုန့်ဟင်းခါးဖိုးအဖြစ် ငွေကျပ် ၁၀၀၀၀ ကို ပေးချေခဲ့တယ်။ လိုငွေပိုငွေတွေကို နောက်မှရှင်းမယ်ဆိုတဲ့သဘောမျိုးပါ။ မိမိတို့မောင်နှမတွေအားလုံး ဝဝလင်လင်စားသောက်အပြီး၊ အိမ်မှာကျန်ရစ်နေတဲ့ အိမ်ရှင်ဝမ်းကွဲမောင်နှမတွေအတွက်လဲ ပါဆယ်ယူဆောင်သွားအပြီး ငွေကျပ် ၁၀၀၀၀ မကုန်ဘဲ ပြန်အမ်းငွေတွေကို ရရှိလိုက်ပါသေးတယ်။

မနက်စာစားသောက်ပြီးကြတာနဲ့ ဂေါ်ရန်ဂျီကျွန်းကို ခရီးဆက်ဖို့ပြင်ဆင်ကြတယ်။ ခရီးစဉ်အရ ကနုကမာရွာကနေ ရေကြောင်းလမ်းစက်လှေခရီးနဲ့ မယ်လခဲရွာကို စတင်သွားရောက်ကြရမှာပါ။ မယ်လခဲရွာကိုရောက်တော့မှ ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ ရပ်နားထားခဲ့တဲ့ မိမိတို့ရဲ့ကားနဲ့ရှေ့ခရီးကို ဆက်ကြရမှာဖြစ်ပါတယ်။ အချိန်က မနက်စောစောဖြစ်နေသေးပေမဲ့ ပင်လယ်ရေတက်ချိန်ဖြစ်နေလို့ စက်လှေတွေ ခုတ်မောင်းသွားလာလို့ ရနေပါပြီ။ ဒါကြောင့်လဲ စက်လှေဆိပ်ကို ဆင်းကြဖို့အတွက် အထုပ်အပိုးတွေကို စတင်သယ်ယူနေကြရတယ်။ ဒီအချိန်မှာပဲ ငါး၊ ပုစွန်ရောင်းတဲ့အမျိုးသမီးလေးတွေက အိမ်ရှေ့ကို ရောက်လာကြတယ်။ လက်ထဲမှာလဲ ပလတ်စတစ်အိတ်တွေနဲ့ ထုပ်လာတဲ့ ငါး၊ ပုစွန်တွေနဲ့ပါ။ ကနုကမာရွာလို အိမ်ခြေငါးဆယ်လောက်တောင် မပြည့်တဲ့ ရွာငယ်လေးအတွင်းမှာ ဒီငါး၊ ပုစွန်တွေကို အိမ်ပေါက်စေ့ လိုက်လံရောင်းချမယ်ဆိုရင်လဲ ဝယ်ယူမဲ့သူ အလွန်နည်းမှာဖြစ်တယ်။

အမျိုးသမီးလေးတွေ ကံကောင်းသွားတာက သူတို့ယူဆောင်လာတဲ့အထဲမှာ ငါးကအလွန်နည်းပြီး ပုစွန်တွေများနေတာပါ။ ဒါကြောင့် မိမိတို့က ညီမဝမ်းကွဲနဲ့တိုင်ပင်ပြီး ပုစွန်တွေကို အကုန်ဝယ်ယူထားလိုက်ကြတယ်။ အမျိုးသမီးလေးတွေ လာပို့ရောင်းချတဲ့ ပုစွန်အိတ်အထုပ်လေးတွေက တပေါင်းတစည်း၊ တစ်ထုပ်တည်းမဟုတ်ဘဲ အလေးချိန် ပမာဏမျိုးစုံနဲ့ လေး၊ ငါး၊ ခြောက်ထုပ်လောက်ဖြစ်နေတယ်။ ယူလာသမျှအားလုံးက သူတို့ပိုင်ဆိုင်ကြတာမဟုတ်ဘဲ တခြားလူတွေရဲ့ပုစွန်တွေလဲ ပါဝင်နေမယ်ထင်တယ်။ ပုစွန်တွေက မကြီးလွန်း၊ မသေးလွန်း ဒေသတွင်း ချောင်းတွေ၊ မြောင်းတွေအတွင်းက ဖမ်းဆီးရရှိတဲ့ လက်မ၊ လက်ညှိုးအရွယ်လောက်ရှိတဲ့ အမျိုးအစားတူလေးတွေဖြစ်နေတယ်။ အရောင်းအဝယ်ပြုလုပ်ကြတဲ့အခါ ရောင်းသူအမျိုးသမီးလေးတွေက ဒီအထုပ်က တစ်ပိဿာလောက်ရှိတယ်၊ ငွေကျပ် ၁၀၀၀၀။ ဒီအထုပ်က ခုနစ်ဆယ့်ငါးကျပ်သားရှိတယ်၊ ငွေကျပ် ၇၅၀၀။ ဒီအထုပ်က ငါးဆယ်သားကျော်ရှိတယ်၊ ငွေကျပ် ၅၀၀၀၊ အားလုံးစုစုပေါင်း လေးပိဿာခွဲကျော်ရှိတာကို ငွေကျပ် ၄၀၀၀၀ ပဲပေးဆိုပြီး အလေးချိန်တွေ ချိန်တွယ်စရာမလိုတော့ဘဲ အရောင်းအဝယ်ကိစ္စတွေ ပြီးပြတ်သွားခဲ့ရတယ်။



ပုစွန်တွေ ဝယ်ယူပြီးတာနဲ့ ညီမဝမ်းကွဲဖြစ်သူက သေသေချာချာဆေးကြောပြီး ဆန်ကောကြီးနှစ်ချပ်နဲ့ ထည့်ပေးထားတယ်။ ဒီပုစွန်တွေနဲ့ ဆန်ကောကြီးနှစ်ချပ်ကို မိမိတို့ရဲ့ ခရီးစဉ်အတွင်းမှာ ဆက်လက်ယူဆောင်သွားကြဖို့ပါ။ ဒါကြောင့် ခရီးစဉ်အတွင်းမှာ အဝတ်အစားအိတ်တွေ၊ တခြားပစ္စည်းတွေအပြင် ပုစွန်တွေအပြည့်နဲ့ ဆန်ကောကြီးနှစ်ချပ် ပါဝင်လာရတော့တယ်။ စက်လှေဆိပ်ကိုဆင်းကြတဲ့အခါ ရွာသူ၊ ရွာသားတွေက အပြေးအလွှားလာရောက်ကြပြီး များပြားလှတဲ့ပစ္စည်းတွေကို ဝိုင်းဝန်းကူညီသယ်ဆောင်ပေးကြတယ်။ စက်လှေ စတင်ထွက်ခွာချိန် တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန် လက်ပြနှုတ်ဆက်ကြတဲ့အခါ ဝမ်းနည်းပြီး မျက်ရည်ကျကြတဲ့ ရွာသူ၊ ရွာသားတချို့ကို မြင်တွေ့လိုက်ရသလို မိမိတို့ကိုယ်တိုင်ကလဲ စိတ်မကောင်းဖြစ်ရတယ်။ ကနုကမာရွာမှာ သုံးညအိပ်၊ လေးရက်အဖြစ် ခဏတာနေထိုင်တည်းခိုခဲ့ရတဲ့ အချိန်တိုလေးအတွင်းမှာ ရွာသူ၊ ရွာသားတွေက မိမိတို့ကို သံယောဇဉ်ဖြစ်သွားခဲ့ကြတယ်။ ဒါကြောင့် ခင်ရာဆွေမျိုးဆိုတဲ့ မြန်မာစကားက တကယ်မှန်ကန်နေပါတယ်။

စက်လှေထွက်ခွာလာတဲ့အခါ လူတွေ၊ ပစ္စည်းတွေက သူ့နေရာနဲ့သူ နေရာတကျဖြစ်နေတာနဲ့အတူ ပုစွန်ဆန်ကောနှစ်ချပ်ကလဲ စက်လှေဦးအပေါ်ပိုင်းမှာ အခံ့သားနေရာယူလာကြတယ်။ မနက်ခင်းထွက်ခါစ နေရဲ့အပူရှိန်၊ စက်လှေခုတ်မောင်းနေတဲ့ အမြန်နှုန်းလေအရှိန်ကြောင့် ပုစွန်တွေက တဖြည်းဖြည်းခြောက်သွေ့လာကြတယ်။ မယ်လခဲရွာကိုရောက်တဲ့အခါမှာလဲ ချက်ချင်းခရီးမဆက်နိုင်ကြသေးဘဲ ကားပေါ်ကို ပစ္စည်းတွေတင်၊ နေရာချတာတွေ၊ ဆရာတော်ကို သွားရောက်ဖူးမြော်တွေ့ဆုံနေတာတွေ၊ ဘုန်းကြီးကျောင်းမှာ အလှူရှိနေတာကြောင့် ဝင်ရောက်စားသောက်နေကြရတာတွေ စသဖြင့် အချိန်တွေကြာသွားခဲ့ရတယ်။ ကားရပ်နားခဲ့တဲ့ ဘုန်းတော်ကြီးကျောင်းအလှူမှာ ကျွေးမွေးဧည့်ခံနေတာက မိမိတို့မနက်က တစ်ပွဲငွေကျပ် ၅၀၀ နဲ့ ဝယ်ယူစားသောက်ခဲ့ကြရတဲ့ မုန့်ဟင်းခါးမျိုးပါ။ ဟင်းရည်ရဲ့အရသာ၊ လက်လုပ်မုန့်ဖတ်ပုံစံအနေအထားတွေ အားလုံးနီးပါးက တူညီနေကြတယ်။ မုန့်ဟင်းခါးစားအပြီး ပြန်အထွက်မှာ တစ်ခါသုံးဖော့ဘူးတွေနဲ့ ထည့်ထားတဲ့ ကောက်ညှင်းပေါင်းတွေကို ထပ်မံဝေငှကြပြန်တယ်။ ကောက်ညှင်းပေါင်းလို့ လွယ်လွယ်ကူကူ ပြောလိုက်ပေမဲ့ အထဲမှာ ကုလားပဲခြမ်းဝါဝါလေးတွေ၊ အုန်းသီးခြစ် ဖြူဖြူလေးတွေ အများအပြားပါဝင်နေတယ်။ ကုသိုလ်ပြုနေတဲ့ရွာခံတွေက မိမိတို့ကို ဧည့်သည်တွေဖြစ်ကြောင်း သိရှိနေတာကြောင့် ကောက်ညှင်းပေါင်းဘူးတွေကို တစ်ယောက်တစ်ဘူးမက သုံးလေးဘူးထိ စေတနာတွေပိုပြီး ပေးဝေငှနေကြတယ်။ မိမိခရီးထွက်တဲ့အခါတိုင်း ကလေးငယ်လေးတွေအတွက် ကစားစရာအရုပ်လေးတွေ၊ ဆင်းရဲသူတွေနဲ့ လမ်းခင်းလမ်းပြင်၊ လမ်းလုပ်သားတွေအတွက် ဆပ်ပြာ၊ သွားတိုက်ဆေး အစရှိတဲ့ ပစ္စည်းလေးတွေကို ကုသိုလ်ပြုပေးဝေနေလေ့ရှိပါတယ်။ အခုဘာမှမပါတော့တဲ့ အပြန်ခရီးမှာ ကောက်ညှင်းပေါင်းဘူးတွေကို လိုအပ်သူတွေအတွက် ထပ်မံလက်ဆင့်ကမ်းဝေငှလို့ ရသွားပါပြီ။

မယ်လခဲရွာမှာ မုန့်ဟင်းခါးစား၊ ကောက်ညှင်းပေါင်းဘူးတွေယူပြီးတာနဲ့ ရှေ့ခရီးကိုဆက်လက်ထွက်ခွာလာကြတယ်။ အနည်းငယ်ခြောက်သွေ့နေပြီဖြစ်တဲ့ ပုစွန်တွေကို ကားနောက်ပိုင်း လွတ်နေတဲ့ ထိုင်ခုံမှာ နေရာချထားပေးလိုက်တယ်။ လူကိုးယောက်စီးနိုင်တဲ့ကားဖြစ်နေပေမဲ့ လူခြောက်ယောက်တည်းနဲ့ခရီးထွက်ခွာလာကြတာပါ။ ဒါကြောင့် ထိုင်ခုံတွေပိုနေသေးပြီး ပစ္စည်းတွေထားဖို့အတွက် နေရာကျယ်ကျယ်ရှိနေတယ်။

မယ်လခဲရွာကနေထွက်လာပြီး မကြာခင်မှာ ငါးပြေမဆိုတဲ့ရွာကိုရောက်လာခဲ့ကြတယ်။ ငါးပြေမရွာရဲ့ ရွာထိပ် ပုသိမ်- မော်တင်စွန်းကားလမ်းဘေးမှာ ငါးပြေမဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်ထားတဲ့ စံကျောင်းတော်တစ်ခုတည်ရှိနေတယ်။ ဆရာတော်ဘုရားကြီးက ၂၀၁၃ ခုနှစ် မေ ၂ ရက် ကြာသပတေးနေ့မှာ ဘဝနတ်ထံပျံလွန်တော်မူခဲ့တာပါ။ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ခြင်းမပြုဘဲ စံကျောင်းတော်အဖြစ်နဲ့ ဆက်လက်ထားရှိတာကို တွေ့မြင်ဖူးမြော်နေရတယ်။ ဆရာတော်ကြီးပျံလွန်တော်မူခဲ့တဲ့အချိန်က သက်တော် ၁၀၀၊ သိက္ခာတော် ၈၀ ရှိနေပြီဖြစ်လို့ သက်တော်ရှည်ဆရာတော်ကြီးတစ်ပါးလို့ဆိုရမှာပါ။ အနီးကပ်ဖူးမြော်လို့ရတဲ့ မှန်အခေါင်းပေါ်မှာ ဘဒ္ဒန္တဝဏ္ဏသာမိမဟာထေရ်မြတ်ကြီးဆိုပြီး ဘွဲ့တော်ရေးသားထားတာကို တွေ့မြင်နေရတယ်။ စံကျောင်းတွေအတွင်းမှာ မိမိတို့မောင်နှမတွေနဲ့အတူ ဆရာတော်ကြီးကို လာရောက်ဖူးမြော်နေကြသူတွေရှိနေကြတယ်။ ဆရာတော်ကြီးကို ဖူးမြော်ပြီး စံကျောင်းတော်ထဲကနေ ထွက်လာကြတဲ့အချိန်မှာ ဝေယျာဝစ္စအဖွဲ့တွေက မုန့်ဟင်းခါးကုသိုလ်ပြုကျွေးမွေးတာကြောင့် စားသောက်ကြဖို့ ဖိတ်ခေါ်ကြတယ်။ ဒါပေမဲ့ မောင်နှမတွေအားလုံး မစားမသောက်နိုင်ကြတော့လို့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

မိမိတို့ရဲ့ခရီးစဉ်က ငရုတ်ကောင်းတောင်ထိသွားပြီး ငရုတ်ကောင်းတောင်ကနေတစ်ဆင့် ငရုတ်ကောင်းမြို့နယ်ခွဲ(ငရုတ်ကောင်းမြောက်)နဲ့ ဂေါ်ရန်ဂျီကျွန်းရှိရာကို ထပ်မံသွားရောက်ကြရမှာဖြစ်ပါတယ်။ မိမိတို့ အခုရောက်ရှိထွက်ခွာလာခဲ့တဲ့ ငါးပြေမရွာနဲ့ ငရုတ်ကောင်းတောင်က မိုင် ၃၀ ကျော်ဝေးကွာနေပြီး ငရုတ်ကောင်းတောင်ကနေ ငရုတ်ကောင်းမြောက်ကို ၁၇ မိုင်၊ ငရုတ်ကောင်းမြောက်ကနေ ဂေါ်ရန်ဂျီကျွန်းကို နောက်ထပ်သုံးမိုင်ဝေးကွာနေသေးကြောင်း သိထားရတယ်။ အရင်တစ်ခေါက် လွန်ခဲ့တဲ့ ခုနစ်နှစ်က ရောက်ရှိခဲ့တဲ့ ဂေါ်ရန်ဂျီကျွန်းခရီးလမ်းအခြေအနေက အလွန်းဆိုးရွားကြမ်းတမ်းနေတယ်။ အခုတစ်ခေါက်တော့ ဘယ်လိုအခြေအနေဖြစ်မယ်ဆိုတာကို မသိနိုင်သေးပါဘူး။

ငါးပြေမရွာကနေ ထွက်လာတာနဲ့ လမ်းဘေးဝဲယာတစ်လျှောက်မှာ သစ်ပင်၊ သစ်တောတွေကိုသာ တွေ့မြင်နေရပြီး ရွာစဉ်ရွာတန်းတွေ အဆက်ပြတ်နေတယ်။ တစ်ခါတစ်ရံမှာတော့ မော်တင်စွန်းဘုရားပွဲကိုသွားတဲ့ ဘုရားဖူးဧည့်သည်ကားတွေနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး သတိထားမောင်းနှင်နေရတယ်။ ပုသိမ်- မော်တင်စွန်းလမ်းက အချို့နေရာတွေမှာ ကျဉ်းလဲကျဉ်း၊ ကြမ်းလဲကြမ်းနေသေးသလို အကွေ့အကောက်တွေလဲ အများအပြားရှိနေပြန်တယ်။ ဒို့ပြင် အသွားအလာရှင်းလင်းပြတ်လပ်နေတယ်။ အခုအချိန် မော်တင်စွန်းဘုရားပွဲတော်ကာလဖြစ်နေတာကြောင့်သာ ဘုရားဖူးကားတွေကို ရင်ဆိုင်တွေ့မြင်နေရပေမဲ့ ကျန်တဲ့အချိန်ရာသီတွေမှာတော့ မိမိသွားလာမောင်းနှင်ခဲ့ဖူးတဲ့ အတွေ့အကြုံတွေအရ အလွန်ခြောက်ကပ်တိတ်ဆိတ်နေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လေ့လာရေးခရီး၊ အပျော်ခရီးအဖြစ်ထွက်ခွာလာခဲ့ကြတဲ့ မိမိတို့မောင်နှမတွေက သီချင်းတအေးအေးနဲ့ ပျော်ပျော်ရွှင်ရွှင်သာသာယာယာပါ။ သက်တော်ရှည် ငါးပြေမဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်ကို ဖူးမြော်ခွင့်ရရှိခဲ့ကြတဲ့အတွက်ကြောင့်လဲ ပိုမိုဝမ်းသာနေကြတယ်။

# တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံဇာတ်လမ်းကို ဇွန်လတတိယပတ်တွင် Shwe Stream Application မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇွန် ၁၂**

Shwe Stream Application မှ တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံဇာတ်လမ်းကို ဇွန်လတတိယပတ်တွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါ တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ရွှေဇင်မင်းကျော်ထံမှ သိရသည်။

အဆိုပါ တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံဇာတ်လမ်းသည် စာရေးဆရာတာတေ၏ဝတ္ထုကို (အေဝမ်း) ဦးလှဝင်းက ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ရွှေဇင်မင်းကျော်က ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရိုက်ကူးပေးထားသည့် ဇာတ်လမ်းဖြစ်သည်။

"ဒီဇာတ်လမ်းကလဲ ပရိသတ် သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရ ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ တာတေ ဇာတ်လမ်း တော်တော်များများကို Channel K ရုပ်သံလိုင်း၊ Skynet ရုပ်သံလိုင်း၊ Hey Play Application ကနေပြသနေပါတယ်။ ဒီဇာတ်လမ်းမှာတော့ တာတေ တစ်ယောက် အဘထင်ဆိုတဲ့ ထောင်ထွက်ကြီးအိမ်ကို သွားသွားနေရင်း အဘထင်က သူ့ခြံထဲမှာ သူ့ဆရာသရဲကြီး ဦးဩဘာရှိကြောင်း၊ သူတစ်လတစ်ခါ အစာကျွေးနေကြောင်း သိခဲ့ရတယ်။ ဦးဩဘာကို သရဲဘဝဖြစ်နေတာတောင် ဘာကြောင့်အစာကျွေးနေရသေးတာလဲ။ တာတေနဲ့ သူ့ရဲကြီး ဦးဩဘာ ဆုံမိကြတဲ့အခါ ဘာတွေဖြစ်လာမလဲ၊ တာတေတို့ ဘယ်လိုကူညီပေးကြမလဲဆိုတာ ရှုစားပေးကြပါအုံး"ဟု ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြသည်။

အဆိုပါ တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် နေခနဲ၊ မင်းသူ၊ ကျော်သစ်၊ ဦးဘဂျမ်း၊ ယွန်းသဒ္ဒါအောင်၊ ဘိုမနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ကျောက်တံတားမြို့နယ်ရှိ Good Mood Gallery ၌ Views Volume 2 Group Art Exhibition ပန်းချီပြပွဲ ပြုလုပ်မည်

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Good Mood Gallery တွင် Views Volume 2 အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ဇွန် ၁၃ ရက်မှ ဇွန် ၁၇ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီအိစန္ဒာလွင်ထံမှ သိရသည်။

အဆိုပါ Views Volume 2 အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီသစ်လွင်စိုး၊ မောင်သိန်းဝင်း၊ အေးမြတ်ငြိမ်း၊ မြင့်ဆန်း၊ ကြီးစိုး၊ မိုးမိုး၊ လှထွန်းအောင်၊ မြင့်မောင်၊ ယွန်းနဒီ၊ အောင်သင်းဦး၊ မင်းသားကြီး၊ ရတနာသိန်း၊ ဝင်းသိန်း၊ ထူးထူး၊ အိစန္ဒာလွင်တို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ပန်းချီအမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားချပ်များကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရ သည်။




"Good Mood Gallery မှာ Views Volume 2 လို့ အမည်ပေးထားတဲ့ Group Art Exhibition ပန်းချီပြပွဲကို ဇွန် ၁၃ ရက်ကနေ ဇွန် ၁၇ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသပေးမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီအိစန္ဒာလွင်က ပြောပြသည်။

အဆိုပါပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၃၆ x ၂၄ လက်မ၊ ၂၄ x ၂၄ လက်မ၊ ၁၈ x ၂၄ လက်မ၊ ၁၈ x ၁၈ လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် သိန်း ၅၀ ထိရှိကြောင်း သိရသည်။

ASH

# Masterpiece Video Production က ရိုက်ကူးထုတ်လုပ်မည့် အတ္တန္တရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

**ရန်ကုန် ဇွန် ၁၂**

Masterpiece Video Production က ရိုက်ကူးထုတ်လုပ်မည့် အတ္တန္တရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ဇွန် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အတ္တန္တရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားပြီး ဒါရိုက်တာ ရဲရင့်သစ္စာက Masterpiece Video Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"အတ္တန္တဆိုတဲ့အတိုင်းလေးပဲ ဇာတ်အိမ်ကောင်းကောင်းလေးကို ပရိသတ်တွေ မတူညီတဲ့ပုံစံလေးနဲ့ တွေ့မြင်ရမှာပါ။ ကျွန်တော်က လူရိုးလူအေးကြီး ကာရိုက်တာနဲ့ ပါဝင်ရမှာပါ။ ကျွန်တော်နဲ့ ခြူးလေးက ပထမဦးဆုံး ဒီဇာတ်လမ်းတွဲမှာ ရိုက်ကူးရမှာမို့ စိတ်ဖိစီးမှုတော့ ရှိပါတယ်။ လူတိုင်းမှာတော့ အတ္တတွေရှိကြတာပေါ့။ လူတွေရဲ့အတ္တတွေကို ပညာပေးပုံစံလေး ကြည့်ရှုရမှာပါ"ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်မည့် သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြသည်။

အဆိုပါ အတ္တန္တ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်ဇော်၊ မော်ကွန်းသစ်၊ ခြူးလေး၊ ခင်ဇာခြည်ကျော်၊ ဝင်းမင်းသန်း၊ ချိုမဒီသွင်၊ Jared နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။

ASH

# Helldivers ဇာတ်ကားရိုက်ကူးရေးအစီအစဉ်မှ မင်းသား ဂျေဆင်မိုမိုအာ နုတ်ထွက်

**နယူးယောက် ဇွန် ၁၂**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Helldivers ဇာတ်ကားရိုက်ကူးရေး အစီအစဉ်မှ မင်းသား ဂျေဆင်မိုမိုအာ နုတ်ထွက်သွားပြီဖြစ်ကြောင်း ဇွန် ၁၁ ရက် သတင်းများအရ သိရသည်။

Helldivers ဇာတ်ကား ရိုက်ကူးရေးအစီအစဉ်မှ မင်းသား ဂျေဆင်မိုမိုအာ ဘာ့ကြောင့်နုတ်ထွက်ခဲ့ရသည်ကို မသိရသေးကြောင်း သိရသည်။

Helldivers ဇာတ်ကားသည် Arrowhead Game Studios ၏ Helldivers ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဂျပ်စတင်းလင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်သည်။

လက်ရှိအချိန်တွင် ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Helldivers ဇာတ်ကားအတွက် သရုပ်ဆောင်သစ်ကို ရှာဖွေနေဆဲဖြစ်သည်။

Helldivers ဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# Honeymoon With Harry ဇာတ်ကား၌ မင်းသမီး နစ်ကီဝီလန် ပါဝင်မည်ဖြစ်

**နယူးယောက် ဇွန် ၁၂**

Amazon MGM စတူဒီယို၏ Honeymoon With Harry ဟာသဒရာမာဇာတ်ကား၌ မင်းသမီး နစ်ကီဝီလန် ပါဝင်မည်ဖြစ်ကြောင်း ဇွန် ၁၁ ရက် သတင်းများအရ သိရသည်။

Honeymoon With Harry ဇာတ်ကားတွင် မင်းသမီး နစ်ကီဝီလန်သည် မင်းသား ကီဗင်ကော့စနာ၊ ဂျိတ်ဂျီလန်ဟား၊ မင်းသမီး ဆာရာပစ်ဂျီယွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Honeymoon With Harry ဇာတ်ကား၌ နစ်ကီဝီလန် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Honeymoon With Harry ဇာတ်ကားကို စာရေးဆရာ ဘတ်ဘေကာ၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဂလန်းဖီကာရာနှင့် ဂျွန်ရီကွားတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဖိုဂဲမင်းက ရေးသားပေးထားသည်။

Honeymoon With Harry ဇာတ်ကား ထုတ်လုပ်မှုကို ဩစတြေးလျနိုင်ငံ၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# President of the Republic of the Union of Myanmar H.E. U Min Aung Hlaing to make State Visit to China





**Nay Pyi Taw June 12**

At the invitation of President of the People's Republic of China His Excellency Mr. Xi Jinping, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing will pay a State Visit to the People's Republic of China in the near future.

During the visit, the President of Myanmar will meet with the President of China and hold bilateral talks, meet with the Premier of the State Council of the People's Republic of China and the Chairman of the Standing Committee of the National People's Congress of China. Furthermore, the President will attend the Economic Conference and the itinerary includes visits to high technology industries. Additionally, the President will receive provincial leaders and representatives from economic organizations. During the visit, the President will engage in cordial and open exchange of views to the further consolidation of the existing Pauk-Phaw relations and implementation of mutually beneficial cooperation in economic, security, and other areas between the two governments and peoples.

The President will be accompanied by Union Ministers and officials during the visit.

MNA

# President of the Republic of Union of Myanmar U Min Aung Hlaing receives Deputy Prime Minister and Minister of Foreign Affairs of Lao People's Democratic Republic

**Nay Pyi Taw June 12**

A delegation led by Deputy Prime Minister and Minister of Foreign Affairs of Lao People's Democratic Republic H.E. Mr. Thongsavan PHOMVIHANE paid a courtesy call on President of the Republic of Union of Myanmar U Min Aung Hlaing at the Presidential Parlour in Nay Pyi Taw this morning.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and officials. The Lao Deputy Prime Minister and Foreign Minister was accompanied by Ambassador of Laos to Myanmar H.E. Mr. Bounphieng CHANTHAVONG and members of the delegation.

First, the President said Myanmar warmly welcomed the Lao Deputy Prime Minister, Foreign Minister, and delegation. The official visits of special envoys and foreign ministers from ASEAN and neighboring countries after his presidential inauguration highlight their full appreciation of Myanmar's political developments and their will to materialize opportunities to enhance relations between Myanmar and ASEAN. Currently, Myanmar has a government chosen by the people and systematically elected through parliamentary elections. In this regard, ASEAN and neighboring countries should not ignore the wishes of the people and the Hluttaw representatives who cast votes in support of the government. Since taking office, the government has made overtures for peace with a determination to achieve perpetual peace within five years. It fully understands that the country will be peaceful, stable, and developed only if there is peace.

The President thanked Laos for sending a special envoy to his presidential inauguration ceremony and for sending a congratulatory message on his election. Laos and Myanmar are good neighbors and close friends. Moreover, they are trustworthy fraternal nations. Hence, the Deputy Prime Minister's current visit is highly beneficial for cementing friendly relations between the two countries.



President of the Republic of Union of Myanmar U Min Aung Hlaing holds talks with Deputy Prime Minister and Minister of Foreign Affairs of Lao People's Democratic Republic H.E. Mr. Thongsavan PHOMVIHANE.


In his discussions, the Deputy Prime Minister expressed pleasure that the President took the time to receive the delegation he leads. He said the visit would make mutual friendship and relations more effective. He added, "Our President has conveyed greetings to Your Excellency, Mr. President." The two countries are good neighbors, sharing similar cultures and traditions and maintaining friendship for over 70 years. He congratulated Myanmar on its successful multiparty democracy general elections and congratulated the President on his election as the Head of State. He said he would like to personally present the invitation letter sent by the Lao President to His Excellency to pay a state visit to Laos. He expressed his belief that the visit would greatly support mutual friendship between the two countries and among ASEAN member states. The government of the Lao People's Democratic Republic (LPDR) firmly stands by the elected Myanmar government's performance of state duties, he noted, adding that it was an honor for him to pay the current official visit.

They then cordially exchanged views on the progressing, longstanding mutual friendship and cooperation between the two countries; the promotion of bilateral cooperation in the political, economic, educational, health, cultural, and trade sectors; the exchange of visits between Heads of State; trade promotion via the Myanmar-Laos Friendship Bridge; and the further enhancement of existing friendship and people-to-people (P2P) cooperation. The two sides also sought means to cement relations with regional countries and ASEAN member states, apart from bilateral relations, through multi-sectoral cooperation. Furthermore, they discussed Myanmar's cooperation within ASEAN to the best of its ability, its implementation of the ASEAN Five-Point Consensus, the country's continuous march on the road to multiparty democracy, and its ongoing efforts to achieve internal peace and national progress. The meeting also covered topics including Laos' understanding of Myanmar's political developments, the hardships the two countries will overcome together, and mutual cooperation programs.

After the meeting, the President and the Lao Dy PM and FM exchanged commemorative gifts and posed for documentaries together with the attendees.

MNA

# Speaker of Pyithu Hluttaw U Khin Yi accepts books donated for Hluttaw representatives, staff



**Nay Pyi Taw June 12**

Speaker of the Pyithu Hluttaw U Khin Yi accepted 450 copies of "The Only Exit Roadmap for Myanmar", the National Literary Award (Political Literature) winning book for 2022, written under the penname Thet Naing Oo (Bulletproof)and donated by Pyithu Hluttaw representative U Thet Naing Oo for Pyithu Hluttaw representatives and staff and spoke words of thanks to and presented a certificate of honor to the donor at the Pyithu Hluttaw Hall this afternoon.

The book donation ceremony was attended together with the Speaker by Pyithu Hluttaw Deputy Speaker U Maung Maung Ohn and officials from the Pyithu Hluttaw Office. MNA

**Pyithu Hluttaw Speaker U Khin Yi accepts books donated by Pyithu Hluttaw representative U Thet Naing Oo.**

# Two more illegal three-story residential buildings used in committing online scam gambling in the Shwe Kokko area were systematically demolished and destroyed, making it a total of 58 illegal buildings demolished and destroyed

**Nay Pyi Taw June 12**

Joint departmental teams are carrying out the complete demolition and destruction of illegal buildings and the systematic destruction of equipment used in operations in the Shwe Kokko and KK Park areas of Myawaddy Township, Kayin State, where online scam gambling operations were based, and it is reported that two more illegal three-story residential buildings in the Shwe Kokko area were systematically demolished and destroyed today.

Out of 77 buildings used in committing online scam gambling operations in the Shwe Kokko area, categories have been classified based on building type as 57 buildings to be demolished and destroyed using machinery and 20 buildings to be destroyed by blasting, and systematic demolition and destruction are being carried out.

Today, out of the 57 buildings designated to be demolished and destroyed using machinery, two more three-story residential buildings were systematically demolished and destroyed using machinery, making it a total of 58 buildings systematically demolished and destroyed to date, and it is reported that the remaining 19 illegal buildings to be destroyed will continue to be systematically destroyed.

The state government, taking up the online scam gambling eradication process as a national duty to ensure it cannot be based in Myanmar at all, is actively cooperating and coordinating not only with domestic forces but also with neighboring countries, according to reports. 100

**Before demolition.**



**After demolition.**



**Destroying illegal buildings used for operating online gambling with heavy machinery in the Shwe Kokko area, Myawaddy District, Kayin State.**

**Before demolition.**



**After demolition.**



**Destroying an illegal building used for operating online gambling with heavy machinery in the Shwe Kokko area, Myawaddy District, Kayin State.**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Commander-in-Chief of Defence Services General Ye Win Oo inspects No. 2 Military Youth Training School and Nay Pyi Taw War Veterans' Housing



Commander-in-Chief of Defence Services General Ye Win Oo gives instructions to officials during his visit to No. 2 Military Youth Training School.



Commander-in-Chief of Defence Services General Ye Win Oo visits a classroom of No. 2 Military Youth Training School.

**Nay Pyi Taw June 12**

Commander-in-Chief of Defence Services General Ye Win Oo, accompanied by senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command Commander, and responsible officials, visited and inspected No. (2) Military Youth Training School and the Nay Pyi Taw War Veterans' Housing in Pobbathiri Township, Nay Pyi Taw Union Territory, this afternoon.

First, the General and his party arrived at No. (2) Military Youth Training School. At the school office, responsible officials briefed him on the school's data, the layout of classrooms, dormitories, and dining halls, the subjects taught, curriculum matters, the availability of teaching staff, and the provision of uniforms, clothing, and supplies for the students. The General then gave guidance: students should be systematically trained not only in academic subjects but also to become physically fit, morally sound, outstanding new-generation youth upon whom the nation and the military can rely; they should be nurtured to have good morale and discipline, becoming exemplary students; talented athletes should be developed to an excellent level; teaching should follow the curriculum prescribed by the Ministry of Education; teachers should be assigned according to their subject expertise to ensure alignment; teaching aids should be utilized effectively; monthly and mid-term exams should be quality-checked, and remedial teaching provided as needed to improve proficiency and pass rates. He provided further guidance on necessary matters and coordinated required actions based on the briefings.

Afterwards, the General and party met with the teaching staff and then went around to observe students in Grade-10, Grade-11, and Grade-12 of the 2026–2027 academic year at the Military Youth Training School, offering words of encouragement. The General then presented cash rewards to the school and the teachers, which were gratefully received.

Following this, the General and party inspected the classrooms, dormitories, and dining halls to check on the living and dining arrangements for students, providing further guidance and coordinating necessary actions based on reports from officials.

Next, the General and his team arrived at the Nay Pyi Taw War Veterans' Housing. Officials briefed him on the completion status and ongoing construction of housing units, the allocation of homes to veterans and plans for further allocations, measures taken to ensure sufficient water and electricity, and preparations made so that families can settle in and live comfortably in completed apartments.

In response to the briefings, the General instructed that necessary arrangements be made to ensure convenient living, dining, and movement for veteran families residing in the housing. He emphasized that veterans have faithfully served national duties and remain a crucial component of the military's strength; therefore, their affairs must be handled with care. He also directed that the housing compound be kept clean, beautiful, and pleasant, with proper drainage systems ensuring good water flow, and gave additional guidance as needed.

Finally, the General and his party toured the completed and ongoing construction of apartment buildings, as well as the furniture and kitchenware produced by military factories and pre-arranged for families moving into completed quarters for other ranks, junior officers, and senior officers. He inspected these arrangements and issued further guidance to responsible officials. 100



Commander-in-Chief of Defence Services General Ye Win Oo inspects Nay Pyi Taw War Veterans' Housing.

# Netanyahu says in "full agreement" with Trump on preventing Iran from obtaining nuclear weapons

**Jerusalem June 12**

Israeli Prime Minister Benjamin Netanyahu said Friday that he and U.S. President Donald Trump were in "full agreement" to prevent Iran from obtaining nuclear weapons.

"As long as I am the Prime Minister of Israel -- Iran will not have nuclear weapons," Netanyahu said in a statement issued by his office.

On the previous day, Netanyahu and Trump discussed the memorandum of understanding (MoU) being formed with Iran to enter negotiations during a phone call, according to Netanyahu's office.

While Israel is not a party to the MoU, Netanyahu thanked Trump for his commitment that the final agreement at the end of the negotiations would include removing Iran's enriched material, dismantling its enrichment facilities, limiting its missile production, and ending its support for its regional "terrorist proxies," read the statement.

Iran's Foreign Ministry spokesman Esmaeil Baghaei said in an interview published on Thursday by Iran's state-run Press TV that major sections of the potential MoU are close to completion.

Iran and the United States have during the past weeks reportedly exchanged several proposed plans outlining conditions for peace through Pakistan's mediation, and have been working to finalize an MoU aimed at ending the war.

Xinhua

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၆၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၆၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံ စိုက် ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မြေပဲ ၅၁၈၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၆၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲဧက ၅၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက် ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲ စိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများအရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဇွန် ၁ ရက်မှစပြီး ယနေ့ထိငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးစိမ်းများ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၈၉၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဒေသထွက် ငရုတ်သီးစိမ်းတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေ ငရုတ်သီးစိမ်းကို အမျိုးအစားနှစ်မျိုး စိုက်ပျိုးကြပါတယ်။ လက်ရှိတောင်သူတွေ စိုက်ပျိုးထားတဲ့ ငရုတ်သီးတွေ စတင်ပေါ်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလိုငရုတ်သီးစိမ်တွေ အရောင်းအဝယ် ကောင်းမွန်လာတော့ ငရုတ်သီးစိုက်တဲ့တောင်သူတွေနဲ့ လယ်ယာလုပ်သားတွေလဲ အဆင်ပြေ လာတာတွေ့ရပါတယ်"ဟု ညောင်တုန်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ငရုတ်သီးစိမ်းများသည် အရည်အသွေး ကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ငရုတ်စိုက်သူများ၊ လုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။ **ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် လိပ်တက်ကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**ဝမ်းတွင်း ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိပ်တက်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ဇွန် ၁၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျည်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချရမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရာမာန်က သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းသို့ လိပ်တက်ကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင်ကျွမ်းကျင်နည်းပြဆရာများက လူသုံးကုန်ထုတ်လုပ်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ဇွန် ၁၁ ရက်မှ ဇွန် ၂၀ ရက်ထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍သိရသည်။

**အောင်ရဲကျော်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မုဒုံမြို့နယ် ကျိုက်ကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မုဒုံ ဇွန် ၁၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်ကာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးပေးခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၉ သဿ ၅ သန်း လွှဲပြောင်းပေးသည်။

ထို့နောက် ကျိုက်ကာကျေးရွာရှိ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၂၂ သဿ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ်၂၂ သဿ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၀ သဿ ၇ သန်းနှင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ သဿ ၈ သန်း၊ စုစုပေါင်း ၆၇ ဦးကို ငွေကျပ် ၅၉ သဿ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ဧည့်ခံဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်တာဝန်ရှိသူတို့တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr.Bounphieng CHANTHAVONG နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများမှ အထူးကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယခုကဲ့သို့ တရားဝင်ခရီးစဉ်များလာရောက်တွေ့ဆုံခြင်းသည်လည်း မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများအပေါ်တွင် အပြည့်အဝနားလည်ပြီး မြန်မာနှင့်အာဆီယံဆက်ဆံရေးပိုမိုကောင်းမွန် တိုးတက်အောင်ဆောင်ရွက်ရန် အခွင့်အလမ်းများဖော်ဆောင်နိုင်ရေးလာရောက်ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် နားလည်သဘောပေါက်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများ၏ရွေးချယ်မှု၊ လွှတ်တော်စင်မြင့်တွင် စနစ်တကျ ရွေးကောက်တင်မြှောက်မှုများဖြင့် ဖြစ်ပေါ်လာသည့် ရွေးကောက်ခံအစိုးရတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံရေးအစိုးရအပေါ် ထောက်ခံမဲပေးခဲ့ကြသည့် ပြည်သူများ၏ဆန္ဒနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ဆန္ဒအပေါ် မျက်ကွယ်မပြုကြရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့်စတင်တာဝန်ယူစဉ်ကတည်းကပင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး ငါးနှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မည်ကို ကောင်းစွာနားလည်လက်ခံထားကြောင်း။

မိမိ၏သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမှုအခမ်းအနားတွင် လာအိုနိုင်ငံမှ အထူး






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း ကျောင်းရုံးခန်းတွင် တာဝန်ရှိသူတစ်ဦးက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

စာသင်ဆောင်၊ အိမ်ဆောင်နှင့် စားရိပ်သာများနေရာချထားမှု၊ လေ့ကျင့်သင်ကြားပေးသည့်ဘာသာရပ်များ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာများနှင့် သင်ကြားမည့် ဆရာ၊ ဆရာမအင်အားဖြည့်ဆည်းထားရှိမှုအခြေအနေများ၊ ကျောင်းသားများအတွက် ယူနီဖောင်း၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများထောက်ပံ့ပေးထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးရာတွင် ပညာရေးပိုင်းသာမက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်ကာ ထူးချွန်ထက်မြက်သည့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသော မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာရေး စနစ်တကျလေ့ကျင့်သင်ကြားပေးရန်၊ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်၍ စံပြုထိုက်သော ကျောင်းသားများဖြစ်အောင် ပျိုးထောင်ပေးရန်၊ အားကစားတွင် အရည်အသွေးရှိသူများကို ထူးချွန်သည်ထိ မြေတောင်မြှောက်ပေးရန်၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် သင်ရိုးညွှန်းတမ်းအတိုင်းသင်ကြားပေးရန်၊ ဆရာ၊ ဆရာမများနှင့်ပတ်သက်၍ ကျွမ်းကျင်သောဘာသာရပ်အလိုက် သင်ကြားမှုတွင်ကိုက်ညီအောင် စီမံပေးရန်၊ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများကို အကျိုးရှိအောင်အသုံးချ၍သင်ကြားပေးရန်၊ လစဉ်နှင့်နှစ်ဝက် ဆန်းစစ်စာမေးပွဲများကို အရည်အသွေး ပြည့်မီအောင်စိစစ်ပြီး လိုအပ်သောဘာသာရပ်များကို အချိန်ပိုသင်ကြားပေးခြင်းစသည်ဖြင့် တတ်မြောက်မှုနှင့် အောင်ချက်မြင့်မားစေရေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများကို တွေ့ဆုံနှုတ်ဆက်ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း၌ Grade-10၊ Grade-11၊ Grade-12 တို့တွင် ကျောင်းသားများ တက်ရောက် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီးအားပေးစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းကျောင်းနှင့် ဆရာ၊ဆရာမများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆရာ၊ဆရာမများက လက်ခံရယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်းရှိစာသင်ဆောင်များနှင့် ကျောင်းသားများ စနစ်တကျနေထိုင်စားသောက်ရေးအတွက် အိပ်ဆောင်များ၊ ထမင်းစားဆောင်များ ပြင်ဆင်ထားရှိမှုအခြေအနေများကို

ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးခဲ့မှုနှင့် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရမှုအပေါ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးနားချင်းကောင်း မိတ်ဆွေရင်းနိုင်ငံ၊ ယုံကြည်စိတ်ချရသည့် ညီအစ်ကိုနိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် အဆွေတော်၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးအတွက် များစွာအထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယခုကဲ့သို့အချိန်ပေး၍ ဂါရဝပြုတွေ့ဆုံခွင့်ပေးသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ဆက်ဆံရေးကို ပိုမိုအကျိုးသက်ရောက်မှုများ ရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့သမ္မတကြီးအနေဖြင့် အဆွေတော်သမ္မတကြီးကို နှုတ်ခွန်းဆက်စကားပါးလိုက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြပြီး ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ တူညီကာ နှစ်ပေါင်း ၇၀ ကျော် ကာလရှည်ကြာသည့်တိုင်အောင် ချစ်ကြည်ရင်းနှီးကြသည့် နိုင်ငံများပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော်အနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရမှုအပေါ်တွင်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ လာအိုနိုင်ငံသမ္မတကြီးမှ အဆွေတော်သမ္မတကြီး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Thongsavan PHOMVIHANE တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ကို လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် လာရောက်နိုင်ရေးအတွက် ဖိတ်ကြားလွှာကိုလည်း လက်ရောက်ပေးအပ်လိုပါကြောင်းနှင့် အဆိုပါခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အာဆီယံနိုင်ငံများအကြား အချင်းချင်းဆက်ဆံမှုတို့ကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံရွေးကောက်ခံအစိုးရ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် မားမားမတ်မတ်ရပ်တည်ထောက်ခံလျက်ရှိပါကြောင်း၊ ယခုကဲ့သို့တရားဝင်ခရီးစဉ်လာရောက်ခဲ့ရမှုအပေါ်တွင်လည်း များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံ့ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခဲ့မှုအခြေအနေများ၊ မြန်မာ-လာအိုချစ်ကြည်ရေးတံတားမှတစ်ဆင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို သာမက ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်ဆံမှုအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် အာဆီယံဘုံသဘောတူညီချက် ငါးရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ရွေးကောက်ခံအစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်နှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် အပြည့်အဝနားလည်မှုရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွရင်ဆိုင်ကျော်လွှားပြီး အပြန်အလှန် ကူညီဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျောင်းသားများ စနစ်တကျနေထိုင်စားသောက်ရေးအတွက် ထမင်းစားဆောင်များပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်)အတွင်း တပ်မတော်စက်ရုံများမှထုတ်လုပ်သော ပရိဘောဂပစ္စည်းများ ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်)သို့ရောက်ရှိကြရာ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများကို နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိမှု၊ ရေနှင့်လျှပ်စစ်မီးပိုင်းဆိုင်ရာများကို လုံလောက်မှုရှိစေရေးဆောင်ရွက်ထားရှိမှု၊ တည်ဆောက်ပြီး တိုက်ခန်းများအတွင်း မိသားစုများအသင့်နေထိုင်စားသောက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အိမ်ရာနေစစ်မှုထမ်းဟောင်းမိသားစုများ နေထိုင်၊ စားသောက်၊ သွားလာမှုအဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးရန်၊ စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည့်အပြင် အရေးကြီးသည့် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းများ၏အရေးကိစ္စများကို ဂရုတစိုက်ဆောင်ရွက်ပေးရန်၊ အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေးစနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိမ်ရာဝင်းအတွင်းရှိ တည်ဆောက်ပြီးစီးနေသည့် နေအိမ်တိုက်ခန်းများနှင့် တည်ဆောက်ဆဲတိုက်ခန်းများ၊ တည်ဆောက်ပြီး အခြားအဆင့်၊ အရာရှိငယ်၊ အရာရှိကြီး တိုက်ခန်းများသို့ ပြောင်းရွှေ့လာမည့် မိသားစုများအဆင်သင့်နေထိုင် စားသောက်နိုင်ရေးအတွက် တပ်မတော်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားသည့် တပ်မတော်စက်ရုံများမှထုတ်လုပ်သော ပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ



နေပြည်တော် ဇွန် ၁၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၁၅ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ကမာရွတ်မဲဆန္ဒနယ်မှ ဦးကိုကိုသင်း၏ **အခြေခံလူထုစားသောက်ကုန်နှင့် ဆေးဝါးများအပေါ် သွင်းကုန်အခွန် လျှော့ချပေးရန်နှင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ထိရောက်သော မူဝါဒမျိုးချမှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ဒေသကုန်ထုတ်လုပ်သူများကို မည်သို့ထိရောက်သည့် မူဝါဒများနှင့် ပံ့ပိုးသွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေတွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ အသား၊ ငါး၊ ဥအမျိုးမျိုး စသည့် အခြေခံစားသောက်ကုန်များ၊ အိမ်သုံးဆေးဝါး၊ လူသုံးဆေးဝါး၊ တိုင်းရင်းဆေးဝါး စသည့် ဆေးဝါးအမျိုးမျိုးအပါအဝင် ပြည်သူလူထုအတွက် အခြေခံလိုအပ်သည့် ကုန်စည် Essential Goods ၄၆ အုပ်စုနှင့် ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး စသည့် အခြေခံဝန်ဆောင်မှု Essential Supplies ၃၄ အုပ်စုတို့ကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပါကြောင်း။

အခြေခံအိမ်သုံးဆေးဝါးများကို အခွန်ကင်းလွတ်ခွင့် သတ်မှတ်ပြဋ္ဌာန်းထားပြီး အဆိုပါဆေးဝါးများမှအပ ကျန်ဆေးဝါးများကို အကောက်ခွန်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများတွင် ပြည်တွင်းဆေးဝါးထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးစေရန်နှင့် ဆေးဝါးထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ပြီး ဆေးဝါးဈေးနှုန်းများ ကျဆင်းရန်အတွက် ဆေးဝါးကုန်ကြမ်း ၄၅၄ မျိုးကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ရာ နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများက အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးကို ထပ်မံထည့်သွင်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံစားကုန်များ၏ နေ့စဉ် ဈေးနှုန်းဖြစ်ပေါ်နေမှုနှင့် ကုန်စည်စီးဆင်းမှုများကို စိစစ်သုံးသပ်၍ ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပသွင်းကုန်လျှော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်စေရန်အတွက် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ရေရှည်ရှင်သန်တိုးတက်စေရန်နှင့် သွင်းကုန်အစားထိုး၍ ပြည်ပသို့ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်စေရေး နိုင်ငံတော်က MSME လုပ်ငန်းရှင်များကို ဘဏ်များနှင့်ချိတ်ဆက်၍ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများရရှိစေရန် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ နန်းသန်းသန်းမွေး၏ **ရှမ်းပြည်နယ် ယာယီနေရပ်စွန့်ခွာသူများ ယာယီနေအိမ်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မှတ်ပုံတင်လျှောက်ရာတွင် လဝကမှ ၎င်းတို့နေထိုင်ရာမြို့ ထောက်ခံစာများ ရယူပေးရန်နှင့်စပ်လျဉ်း၍ ယာယီနေရပ်စွန့်ခွာသူများ၏ဘဝကို ကူညီပေးရန် အစီအစဉ်ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက ဦးစားပေးအစီအစဉ် ဆောင်ရွက်ပေးစေလိုကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် နားခိုရာနေရာများ ဖန်တီးဆောင်ရွက်ပေးခြင်း၊ စားရေရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် NGO၊ INGO အဖွဲ့များဖြင့် ပေါင်းစပ်ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ယာယီနေရပ်စွန့်ခွာသူများ စားဝတ်နေရေးပြေလည်စေရန် ကျွမ်းကျင်သည့် အလုပ်အကိုင်အလိုက် ဒေသတွင်းအလုပ်အကိုင်ရရှိရေး စီမံဖန်တီးခြင်းအပြင် နိုင်ငံတော်က တစ်ဦးလျှင် တစ်လ ကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ စုစုပေါင်းငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလစာရင်းအရ ယာယီနေရပ်စွန့်ခွာသူ ၉၂၉၇ ဦးသာ ကျန်ရှိပါကြောင်း၊ ကျန်ရှိသူများလည်း မကြာမီ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်အခြေချတော့မည် ဖြစ်ပါကြောင်း။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံရေးအခြေအနေအရ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မြို့နယ်ဦးစီးမှူးရုံး ၁၂ ရုံးကို မူလဒေသများတွင် ဖွင့်လှစ်နိုင်ခြင်းမရှိချိန်တွင် တောင်ကြီးမြို့ ဆရာဝန်ကြီးများအသင်းတိုက်တွင်(ယာယီ)ရုံးများ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ် သက်ပြည့်လဲလှယ်၊ ပျောက်ဆုံး၊ ပျက်စီးမိတ္တူလျှောက်ထားသူ စုစုပေါင်း ၉၈၄၃ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၇၉ စု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် လုံခြုံရေး ပြန်လည်ကောင်းမွန်လာ၍ တောင်ကြီးမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ဒုတိယပြည်နယ်ဦးစီးမှူးရုံး (လားရှိုး)အပါအဝင် လားရှိုးခရိုင် လားရှိုး၊ ကွမ်းလုံ၊ သိန္နီနှင့် ကွတ်ခိုင်မြို့နယ်ရုံးတို့ကို လားရှိုးမြို့၌လည်းကောင်း၊ နမ္မတူမြို့နယ်ရုံးကို သီပေါမြို့နယ်၌လည်းကောင်း ပြန်လည်ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပင်လောင်းမြို့နယ်တွင် အများဆုံးနေထိုင်သော ဖယ်ခုံမြို့နယ်မှ ပြည်သူများ အခက်အခဲမရှိ အဆင်ပြေစေရန်အတွက် ဖယ်ခုံမြို့နယ်(ယာယီ)ရုံးကို ပင်လောင်းမြို့နယ်၌ ဖွင့်လှစ်ခဲ့ပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဖယ်ခုံမြို့နယ် လုံခြုံရေးအခြေအနေ ပြန်လည် ကောင်းမွန်လာသည့်အတွက် ဖယ်ခုံမြို့နယ်ဦးစီးမှူးရုံးကို ဖယ်ခုံမြို့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံသားလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုသို့ ပြန်လည်ရောက်ရှိသည့် ယာယီနေရပ်စွန့်ခွာသူပြည်သူများကို (၃)ရပ်ကွက် သာသနာ့လင်္ကာရ ဘုန်းတော်ကြီးကျောင်းတွင် လက်ခံထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိုင်းကိုင်မြို့နယ်သည် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိသည့်ဒေသဖြစ်၍ မြို့နယ်ဦးစီးမှူးရုံးကို မူလနေရာတွင်ပင် ဖွင့်လှစ်ထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယာယီနေရပ်စွန့်ခွာသူ ပြည်သူများ လက်ရှိနေထိုင်ရာဒေသတွင် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားပါက e-ID Server အတွင်း ဖြည့်သွင်းထားသည့် ၎င်းတို့၏ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နံပါတ် မှန်၊ မမှန်၊ ကိုယ်ရေးအချက်အလက်မှန်၊ မမှန် ဦးစွာ တိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်များကို ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကောက်ခံသော အခွန်အခငွေနှုန်းထားများသည် ခေတ်စနစ်အခြေအနေတို့နှင့် ကိုက်ညီခြင်းမရှိသည့်အတွက် သင့်တော်သည့်နှုန်းထားများဖြင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ အခကြေးငွေနှင့် ဒဏ်ကြေးများကို ပြင်ဆင်ရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ခွင့်ပြုနိုင်ပါရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ ပြန်လည်တင်ပြခဲ့ပါကြောင်း။

ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပြုရန် မရှိပါကြောင်း ပြန်ကြားစာရရှိပြီးဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်သူ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီသူ၊ ကတ်ပြားအတု သုံးစွဲသူများကို ထိရောက်သည့်ပြစ်ဒဏ် ချမှတ်နိုင်ရန်အတွက် ယခုအစိုးရအသစ်လက်ထက်တွင် မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့် ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ အခကြေးငွေ၊ ဒဏ်ကြေးငွေများကို ဆက်လက်ပြင်ဆင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများကို ပေါင်နှံခြင်း၊ အာမခံထားခြင်းတို့သည် တရားမဝင်ကြောင်း ကြေညာချက်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန်နှင့် ပေါင်နှံလက်ခံသူ၊ အာမခံလက်ခံသူများကို အရေးယူဆောင်ရွက်ပေးနိုင်ရေး ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသားလက်မှတ်နှင့် စိစစ်ရေးကတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် စိစစ်ရေးကတ်သည် မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံထားခြင်းဖြစ်သည့်အတွက် စနစ်တကျကိုင်ဆောင်ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ အခြားသူတစ်ဦးကို လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရန်နှင့် မသက်ဆိုင်သူမှ ကောက်ယူရရှိသည့်အခါ အနီးဆုံးရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် အနီးဆုံး မြို့နယ်လဝကရုံးသို့ အမြန်ဆုံး ပေးအပ်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ထုတ်ပေးထားသည့် မှတ်တမ်း အထောက်အထားများကို ကိုယ်ကျိုးစီးပွားအတွက် မသက်ဆိုင်သူများလက်ဝယ်သို့ ပေးအပ်၍ ကိုင်ဆောင်အသုံးပြုစေခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလုပ်၍ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ မသက်ဆိုင်သူများကလည်း တရားမဝင်သိမ်းဆည်းခြင်းတို့ ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ထပ်မံထုတ်ပြန်ရန် မရှိပါကြောင်းနှင့် ထိုကဲ့သို့ပြုလုပ်ပါက အချက်အလက်နှင့်တကွ သတင်းပေးတိုင်ကြားနိုင်ပြီး ဆောင်ရွက်သူများကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာငွေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိ ညောင်ကျိုး-မဲဇလီကုန်းဆက်သွယ်ရေး ကျောက်ကြမ်းခင်းလမ်းကို ကျောက်ချောခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ဂပူမြို့နယ် ညောင်ကျိုး-မဲဇလီကုန်းကျောက်ကြမ်းခင်းလမ်းသည် အရှည် ၁၃ မိုင် ၁ ဖာလုံရှိပြီး ညောင်ကျိုးမှ အိုးကွဲထိ ၂ မိုင် ၄ ဖာလုံ ကွန်ကရစ်လမ်းနှင့် ဆင်သေမှ မဲဇလီကုန်းအထိအရှည် ငါးမိုင်ကျောက်ချောလမ်းတို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အိုးကွဲမှ ဆင်သေထိ လမ်းအရှည် ၅ မိုင် ၅ ဖာလုံမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း။

ညောင်ကျိုးမှ ၄ မိုင် ၂ ဖာလုံရှိ ဘူးကွဲတောင်တံတားနှင့် ၅ မိုင် ၅ ဖာလုံရှိ ယက္ကန်းစင် သစ်သားတံတားသည် ကျေးလက်လမ်း

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တံတားများဖြစ်ပါကြောင်း၊ ညောင်ကျိုး - မဲဇလီကုန်းဆက်သွယ်ရေးလမ်း ၁၃ မိုင် ၅ ဖာလုံအနက် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်း ငါးမိုင်ကျော်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖိုမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာသို့ ရန်ကုန်-ပြည်လမ်းမှ ရာသီမရွေးသွားလာအသုံးပြုနိုင်သည့် အမာခံလမ်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန် -ပြည်လမ်းမှ ထောက်ကြံ့ကွင်းရွာအဝင်လမ်းသည် အရှည် ၁ မိုင် ၄ ဖာလုံရှိ ဂဝံလမ်းဖြစ်ပြီး ယခုအခါ ပျက်စီးလျက်ရှိပါကြောင်း၊ အဆိုပါလမ်းသည် Class (A)အဆင့်လမ်းဖြစ်ပြီး ဂဝံခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုသို့မဟုတ် တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ် မူတည်၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ဒလမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၃ စုရှိ ကျေးရွာများမှ မြို့သို့ဆက်သွယ်သွားလာသောလမ်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက တွံတေးခရိုင် ဒလမြို့နယ်သည် ကျေးရွာအုပ်စု ၂၃ အုပ်စု ကျေးရွာပေါင်း ၅၄ ရွာရှိပြီး ကျေးလက်လမ်းမိုင်ပေါင်း ၅၅ မိုင်ကျော်ရှိပါကြောင်း၊ ရာသီမရွေးသွားလာနိုင်သောလမ်း ၃၄ မိုင်ကျော်ရှိပြီး နွေရာသီသာ သွားလာနိုင်သော လမ်း ၂၁ မိုင်ကျော်ရှိပါကြောင်း၊ ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၂၃ ခုနှစ်တွင် လွှဲပြောင်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ကွန်ကရစ်လမ်း ၄ မိုင် ၆ ဒသမ ၅၅ ဖာလုံ၊ ကျောက်လမ်း ၄ ဒသမ ၆၉ ဖာလုံနှင့် တံတား ၅၂ ပေ တစ်စင်း၊ ၅' Box Culvert နှစ်ခုကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၁ မိုင် ၅ ဒသမ ၂၇ ဖာလုံ၊ ကျောက်လမ်း ၁ မိုင် ၂ ဖာလုံ၊ ၁၅ မီတာ ကွန်ကရစ်တံတား တစ်စင်း၊ ၁၂ မီတာ ကွန်ကရစ်တံတား တစ်စင်း၊ ၂၀' Box Culvert သုံးစင်း၊ ၁၀' Box Culvert တစ်စင်းနှင့် ၅' Box Culvert နှစ်စင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ရရှိရန်ပုံငွေပေါ် မူတည်၍ အကျိုးပြုနှုန်းအလိုက် ဦးစားပေး လျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပုပ္ပားကျေးရွာအဝင်တံတားသည် ကြံ့ခိုင်မှုမရှိတော့ပါသဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် RC ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပုပ္ပားကျေးရွာအဝင် မူလတံတား အဟောင်း အလျား ၁၅ ပေ၊ အနံ ၁၂ ပေကို ၁၉၈၇ ခုနှစ်၌ ကျေးရွာနေ ပြည်သူများက ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါတွင် တံတားအလယ်၌ ခိုင်ခံ့မှုမရှိတော့ဘဲ ကွေးညွတ်ခြင်း၊ ကမ်းကပ်ခုံ နှစ်ဖက်နှင့် ရေလယ်တိုင်များ အက်ကွဲခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် သံကူကွန်ရစ် RC တံတားအသစ် ၂၀×၁၄ ပေ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုသို့မဟုတ် တိုင်းဒေသကြီး ရရှိရန်ပုံငွေဖြင့် အကျိုးပြုနှုန်းအလိုက် ဦးစားပေး လျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်းပြန်လည် ရှင်းလင်းဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာသို့ ကိုးမိုင်ခန့် ကတ္တရာခင်းခြင်း ပြုလုပ်ပေးပါရန် အစီအစဉ်ရှိ၊ မရှိနှင့် မရှိပါက ဦးစားပေးအစီအစဉ်အား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာထိ ကိုးမိုင်အရှည်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ပြည်နယ်ရန်ပုံငွေဖြင့် မြေလမ်းမှ ၁၆ ပေအကျယ် ကျောက်လမ်းခင်းခြင်း ငါးဖာလုံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြေလမ်းအဆင့်ကျန်ရှိသည့် လမ်းပိုင်းများကို ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ချောလမ်းခင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် တံတား၊ ရေပြွန်များ တည်ဆောက်ခြင်း၊ လက်ရှိသစ်သားတံတား သုံးစင်းကို သံကူကွန်ကရစ်တံတား အဆင့်တိုးမြှင့်တည်ဆောက်ခြင်းနှင့် ကျောက်လမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ပြည်နယ်ရန်ပုံငွေတွင် လျာထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် သာရဝေါမှ ဟင်္သာတမြို့နယ်သို့ ကား၊ ရထား ကူးသန်းနိုင်မည့် မြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိအခြေအနေတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (သရက်-အောင်လံ)နှင့် ကချင်ပြည်နယ်တွင် ဧရာဝတီတံတားအသစ်(ဗလမင်းထင်) တို့ကို အပြီးတည်ဆောက်ရမည်ဖြစ်သည့်အပြင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်ရှိ တံတားများကို ပြန်လည်တည်ဆောက်ခြင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားစုစုပေါင်း ၁၁၅ စင်း၊ ပြုပြင်ဆဲတံတား ခြောက်စင်း၊ ပြုပြင်ရန်ကျန် တံတား ၈၃ စင်းတို့ကို ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိလတ်တလောအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုမြို့နယ် သက္ကယ်တန်းကျေးရွာ လက်ပံနှစ်ပင်နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ငပိဆိပ်ကျောက်စရစ်ကုန်းကြား ဧရာဝတီမြစ်ကူးတံတား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါ ဧရာဝတီတံတား(သရက်-အောင်လံ) နှင့် ဧရာဝတီတံတားအသစ်(ဗလမင်းထင်) တို့ကို အပြီးတည်ဆောက်လျက်ရှိပြီး ဧရာဝတီမြစ်ကူးတံတား (ရတနာသိင်္ခ) ပျက်စီးသွားသည့်အပိုင်းများကို ပြန်လည် ပြုပြင်ခြင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများ၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားများ၊ ပြုပြင်ဆဲတံတားများနှင့် ပြုပြင်ရန်ကျန်တံတားများ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် လတ်တလောတွင် ငပိဆိပ်ကျောက်စရစ်ကုန်းအကြား ဧရာဝတီမြစ်ကူးတံတားကို မဆောင်ရွက်သင့်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့ ဆင်သေ-ပင်လောင်း (မီးရထား) လမ်းဟောင်းမြေနေရာဖြစ်သည့် မြို့အဝင်တိုးဂိတ်အနီးမှ ရန်ကုန်- တောင်ငူ-မန္တလေးကားလမ်း(လမ်းဟောင်း) ၁၄ မိုင်သို့ တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်နိုင်ရေး ရေတို၊ ရေရှည်အစီအမံများ ချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းသည် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်ပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက်မှာ ပေ ၂၃၀ အကျယ်ဖြစ်ပါကြောင်း၊ ညောင်လွန့် - သရက်ပင် - ပေတောလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းနယ်နိမိတ်အကျယ်မှာ ပေ ၃၀ သာရှိသော ကျေးရွာချင်းဆက် လမ်းအဆင့်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအူကြောင်းအတိုင်း တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်မည်ဆိုပါက သတ်မှတ်လမ်းနယ်နိမိတ်အကျယ်ရရှိရန်အတွက် စိုက်ပျိုးမြေများ၊ လယ်ယာမြေများနှင့် လူနေထိုင်မှုရှိသော မြေများကို မြေယာလျော်ကြေးများပေးရန် လိုအပ်မည်ဖြစ်သည့်အပြင် ကျေးရွာများကို ဖြတ်သန်းသွားသည့် လမ်းအူကြောင်းဖြစ်၍ လူနေအိမ်ခြေများစွာ တည်ရှိပါသဖြင့် အိမ်ရာအဆောက်အအုံများ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တပ်ကုန်းမြို့ရှောင်လမ်း ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ပိုမိုတိုတောင်းသော လမ်းအူကြောင်းဖြစ်သည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ ၂၄၉/၂ မိုင်မှ ဆင်သေ-ပင်လောင်း မီးရထားလမ်းအတိုင်း ၃ မိုင် ၂ ဖာလုံခန့်ရှိ ဖျိုင်းအင်းကျေးရွာ၊ ထိုမှတစ်ဆင့် ၃ မိုင် ၁ ဖာလုံခန့်အတိုင်း ဆက်လက်၍ လမ်းအူကြောင်းလျာထားပြီး ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ ၂၅၃/၅ မိုင်အနီးသို့ ပြန်လည်ဝင်ရောက်အဆုံးသတ်မည်ဆိုပါက လမ်းအရှည်မှာ ၆ မိုင် ၃ ဖာလုံခန့်ရှိမည်ဖြစ်ပါကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်ပြီးမှသာ ရလဒ်ပေါ်မူတည်၍ စီမံကိန်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိပါက ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၊ အတွင်းရေးမှူးအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်းအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၊ အတွင်းရေးမှူးအဖြစ် မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးစိုးနိုင်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့အသိပေးတင်ပြခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူးအဖြစ် သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်း ကြောင်း လွှတ်တော်သို့အသိပေး ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကနီမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း၊ အတွင်းရေးမှူးအဖြစ် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရှိန်နှင့် အတွင်းရေးမှူးအဖြစ် ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် လှိုင်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင့်နှင့် အတွင်းရေးမှူး အဖြစ် ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်းတို့ကို တာဝန် ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီ ဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်နှင့် အတွင်းရေးမှူးအဖြစ် ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာ ခင်မောင်သွင်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော် သို့တင်ပြသည်။

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကိုဇွန်၁၅ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၉ ဦးစလုံး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ရေငန်တားကျွန်းပတ်တာများမှ လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်း အပိုင်း(၁)နှင့် အပိုင်း(၃)ရှိ ရေတံခါးများ ပြင်ပရေငန်များဝင်ရောက်မှုရှိနေသောကြောင့် ပြုပြင်ပေးရန် သို့မဟုတ် အသစ်တည်ဆောက်ပေးရန်နှင့် အဆိုပါ ရေငန်တားကျွန်းပတ်တာများ အတွင်းရှိ ချောင်းကော၊ မြောင်းကောများကို ဘဏ္ဍာနှစ်အလိုက် အစီအစဉ်များရေးဆွဲပြီး ဦးစားပေးအစီအစဉ်အတိုင်း တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်းအပိုင်း(၁)၊ ဘီတွဒ်ကျွန်းအပိုင်း(၃) အတွင်းရှိ ရေတံခါး စုစုပေါင်း ၂၁ လုံးအနက် ခုနစ်လုံးကို ပြုပြင်ထားရှိပြီးဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွဒ်ကျွန်းအပိုင်း (၃) တာရှိ ကတောက်ဆပ်ရေတံခါးပြုပြင်ခြင်းလုပ်ငန်းကိုပြုပြင်ပေးသွားမည်ဖြစ်ပြီး ဆက်လက်ပြုပြင်ရန် ကျန်ရှိသော ရေတံခါး ၁၃ လုံး ဖြစ်ပါကြောင်း။

ထို့ပြင် ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွဒ်ကျွန်း အပိုင်း (၄) တာအတွင်း နွေစပါးစိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက် ရေနုတ်မြောင်းတူး ဖော်ခြင်းလုပ်ငန်း သုံးခုနှင့် ရေတံခါးများပြုပြင်ခြင်းလုပ်ငန်း လေးခု၊ ရွှေးမြစ်နှင့် ပြာမလော့မြစ်ကြားရေငန်တားတာကျွန်းအပိုင်း (၅) ၏ တာအလျား ၁၁ မိုင် တာမြေကြီးဖို့ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်းအပိုင်း (၁)၊ ဘီတွဒ်ကျွန်းအပိုင်း (၃) အတွင်းတွင် ပြုပြင်ရန်ကျန်ရှိသော ရေတံခါး ၁၃ လုံးကို ပြုပြင်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေ တစ်ရပ်ရပ်မှ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်ပြီး ဦးစားပေးအလိုက် ပြုပြင်ပေးရန် စီစဉ်ထားရှိပါကြောင်းနှင့် ရေငန်တား ကျွန်းပတ်တာများအတွင်းရှိ ချောင်းကော၊ မြောင်းကောတူးဖော်ခြင်း လုပ်ငန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ဦးစားပေးအစီအစဉ်အတိုင်း လျာထားသတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ ၀/၀ မိုင်မှ ၇/၀ မိုင်ထိ ခုနစ်မိုင်ကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြောက်ကျွန်းတာ တာမိုင်၏ အစသည် လပွတ္တာမြို့ အမှတ် (၂)ရပ်ကွက် မှစတင်ပြီး မြို့ဧရိယာအတွင်း အလျား တစ်မိုင်ပါဝင်ပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသောနေရာသည် လပွတ္တာမြို့ အမှတ် (၂) ရပ်ကွက်မှ ဆားကျင်းကျေးရွာထိ လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ခုနစ်မိုင်အတွင်းနေရာဖြစ်ပါကြောင်း၊ အဆိုပါနေရာတွင် တာထိပ်အကျယ် ၁၂ ပေရှိပြီး တာပေါင်အမြင့်မှာ ပျမ်းမျှ ရှစ်ပေဖြစ်ပါကြောင်း။

လပွတ္တာမြို့တွင်း ဧရိယာဖြစ်သော တာမိုင်အစမှ ငါးဖာလုံကြားတွင် အလျား ငါးဖာလုံခန့်သည် ကျောက်ကြမ်းလမ်းခင်း၍ အသုံးပြုသွားလာလျက်ရှိပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသော အပိုင်းအတွင်း တာမိုင်အစမှ ၁ မိုင် ၆ ဖာလုံတွင် ဓနိတန်းရေတံခါး (အချင်း လေးပေ၊ နှစ်ပေါက်)၊ တာမိုင်အစမှ ငါးမိုင် ခြောက်ဖာလုံတွင် လက်ဝဲခွဲ ရေတံခါး(အချင်း လေးပေ၊ ငါးပေါက်)တို့ တည်ရှိပါကြောင်း၊ ဌာနမှတည်ဆောက်ထိန်းသိမ်းထားသော တာတမံများမှာ မြေသားတာတမံများဖြစ်သည့်အပြင် မိုးများသောဒေသဖြစ်ခြင်းကြောင့် တာနိမ့်ကျခြင်း၊ရေတိုက်စားခြင်းများရှိပါသဖြင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိခြင်း၊ တာတမံပေါ်တွင် ကျောက်ချောလမ်းခင်းမည်ဆိုပါက မြေသားတာတမံဖြစ်၍ သတ်မှတ်တာထိပ်အမြင့် အောက်နိမ့်ကျသည့်အခါ စက်ယန္တရားကြီးများဖြင့် ပြန်လည်မြေဖို့ ပြုပြင်ဆောင်ရွက်ရပြီး ကျောက်ချောလမ်းများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ တာတမံများတွင် ထည့်သွင်းတည်ဆောက်ထားသော ရေတံခါးများ၏ ဒီဇိုင်းပုံစံအရ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ဝန်အားခံနိုင်ရည်မရှိသဖြင့် ပျက်စီးနိုင်ခြင်းတို့ကြောင့် တာတမံများပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန် မသင့်လျော်သည့် အခြေအနေဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လုပ်ငန်းသဘာဝနှင့် မြေပြင်အခြေအနေအရ တာတမံများပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန်မှာ သင့်လျော်မှုမရှိပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ခုနစ်မိုင်ထိကို ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန်အစီအစဉ်မရှိပါကြောင်း။

သို့ရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ပါက နှစ်စဉ်ပြုပြင်ထိန်းသိမ်းနေရသော တာတမံပေါ်၌ လမ်းခင်းခြင်းမပြုဘဲ တာ၏အတွင်းဘက်ခြမ်းတွင် တစ်ဆင့်နိမ့်တာ(Second Berm) ပြုလုပ်၍ လိုအပ်သော အမြင့်၊ အကျယ်ဖြင့် လမ်းခင်းခြင်းဆောင်ရွက်နိုင်ပါကြောင်း၊ ရေတံခါးအဝင်အထွက်မြောင်းနေရာများတွင်လည်း ဝန်အားခံနိုင်ရည်ရှိသော မြောင်းကူးတံတားများ ထည့်သွင်း ဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပါက လမ်းတည်ဆောက်ခြင်းနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများအနေဖြင့် လမ်းကိုလိုအပ်သလို တည်ဆောက်ထိန်းသိမ်းခြင်းများဆောင်ရွက်နိုင်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့်လည်း တာတမံကို လိုအပ်သလိုပြုပြင်ထိန်းသိမ်းနိုင်မည်ဖြစ်ရာ နှစ်ဦးနှစ်ဖက် အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး ဒေသအတွက် အကျိုးရှိစေမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် အတွင်းရှိ စိုက်ပျိုးမြေဧရိယာများ ရေအပြည့်အဝရရှိစေရန်နှင့် စိုက်ပျိုးရေကို ပမာဏလုံလောက်စွာ သို့လှောင်နိုင်ရန် အတွက် သင်းတွဲမြောင်းဖျားတွင်ရှိသော စွန်ရဲကန်ကို ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စွန်ရဲကန်အတွင်း ရေဝင်ရောက်မှု ပိုမိုကောင်းမွန်စေရန်အတွက် ကန်အတွင်း ရေကူဖြည့်တင်းသည့် သင်းတွဲမြောင်းနှင့် ရေဝင်ချောင်းဖြစ်သည့် လင်းဗုက်ချောင်း ရေလမ်းတို့ကို ဌာနမှထိန်းသိမ်းစီမံလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ရေး စည်းရုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်မှ စတင်၍ စွန်ရဲကန်အတွင်း ကန်ရေပြည့်ပမာဏနီးပါးထိ ရေသိုလှောင်ထားနိုင်ပြီး မိုးသီးနှံ၊ နွေသီးနှံစိုက်ဧကများကို စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲအင်းမွေးမြူရေးဇုန်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲကန်၏ မူလရေဝပ်ဧရိယာ ပြန်လည်ရရှိအောင် သဲနုန်းတူးဖော်လျှင် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ ကြီးမားများပြားပြီး ရန်ပုံငွေ လိုအပ်ချက်လည်း များပြားလွန်းခြင်းတို့ကြောင့် ယခုလက်ရှိအခြေအနေအရ စွန်ရဲကန်ကို သဲနုန်းတူးဖော်ဆောင်ရွက်ရန် သင့်လျော်မှုမရှိသေးပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ် အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် လယ်ယာရေသောက်စနစ် မြောင်းများကို သဲနုန်းများ တူးဖော်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ ကင်းတားရေသောက်စနစ်နှင့် ဇော်ဂျီရေသောက်စနစ်တို့တွင် တူးမြောင်းမကြီး ၁၆ ခု၊ လက်တံမြောင်း ၄၇ ခု၊ လက်တံခွဲမြောင်း ၁၉ ခုတို့၏ အချို့သောနေရာများ၌ မြောင်းအင်အားပြည့်ရေပို့လွှတ်သယ်ဆောင်နိုင်ရန်အတွက် သဲနုန်းတူးဖော်ခြင်း၊ မြောင်းပေါင်အားဖြည့်ခြင်းနှင့် အချို့သောရေပေးအဆောက်အအုံများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါကြောင်း၊ ပြုပြင်ရမည့် ရေပေးမြောင်းအရေအတွက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများပြားသည့်အတွက် ရန်ပုံငွေခွဲဝေရရှိသည့် အခြေအနေအပေါ်မူတည်၍ သဲနုန်းပို့ချမှုများပြားလျက်ရှိသော ရေပေးမြောင်းများနှင့် ဆက်စပ်ရေပေးအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများကို မြောင်းဆုံးမြောင်းဖျားထိ ရေရရှိစေရန်ရည်ရွယ်၍ ဦးစားပေးအစီအစဉ်ဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများရှိ အဓိကသီးနှံ ၁၄ မျိုး ရေရရှိမှု ပိုမိုထိရောက်စေရန်အတွက် ရေပေးတူးမြောင်းများ၏ ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် အပိုင်းများကို သဲနုန်းတူးဖော်ခြင်း၊ ရေပေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်စဉ်ရရှိသော ပြင်/ထိန်းရန်ပုံငွေမှ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါက်တာအမ်ဇော်လတ် ခေါ် ဆမ်းမားကို့(စ်) အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ကယားပြည်နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါက်တာဦးမနာမ်တူးဂျာနှင့် အတွင်းရေးမှူးအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရှားရယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှု

**စာမျက်နှာ ၂၁ သို့**

# အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းတွင် Football For School Program ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး ဇွန် ၁၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ Smart School နှင့် Football For School Program ကို ကနဦးအနေဖြင့် တိုင်းဒေသကြီး ခြောက်ခုတွင် Smart School နှင့် Football For School Program အဖြစ် Pilot Project စတင်ဆောင်ရွက်ရာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက Football For School Program ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။


အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပခဲ့သည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများသို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ထောက်ပံ့လှူဒါန်းသည့် Adidas Size(No-4)အမျိုးအစား ဘောလုံး ၄၅၇၆ လုံးကို တာဝန်ရှိသူများက တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခြေခံပညာကျောင်းများမှ ကာယပညာဘာသာရပ်ကို သင်ကြားပေးသည့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို လက်တွေ့သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လှူဒါန်းသည့် စာအုပ်များကို လက်ခံ



**နေပြည်တော် ဇွန် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးကပေးအပ်လှူဒါန်းသည့် ၂၀၂၂ ခုနှစ် အမျိုးသားစာပေဆု(နိုင်ငံရေး) ဆုရစာအုပ်ဖြစ်သည့် စာရေးဆရာ သက်နိုင်ဦး (ကျည်ကာ) ကလောင်အမည်ဖြင့် ရေးသားထားသော "တစ်ကြောင်းတည်းသောမြန်မာနိုင်ငံထွက်ရပ်လမ်းမြေပုံကျမ်း" စာအုပ် ၄၅၀ ကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၂၀ မှအဆက်**

တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါအစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဃ)(ဏ)၊ ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၃ ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း (၂)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)(ဈ)၊ အခန်း(၃)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂)(၃)(၄)(၁၄)(၁၈)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)(ဋ)(ဌ)၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)(၉)၊ အပိုဒ်၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်၈ အပိုဒ်ခွဲ(င)(ဆ)၊ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)(၁၃)၊ ပြင်ဆင်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း (၆) အပိုဒ် (၁၁) အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊အခန်း (၇)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ (ခ) (ဂ)၊ အပိုဒ် ၁၈၊ အခန်း (၈)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(စ)၊ အသစ်ပြင်ဆင်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း (၉)၊ အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)(ဃ)(င)၊ ပြင်ဆင်ချက်ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း (၁၀)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အခန်း (၁၁)၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ ခြေဆင်း၊ အခန်း ၁၂၊ အပိုဒ် ၅၇ ခြေဆင်း၊ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၀၊ အဆိုပြုပြဋ္ဌာန်းချက်တွင်ပါရှိသည့် "ဘဏ်ငွေစာရင်းအမှတ်" ဆိုသောစကားရပ်အစား "ဘဏ်ငွေစာရင်း" ဆိုသည့် စကားရပ်ဖြင့် ဥပဒေကြမ်းတစ်ခုလုံးတွင် ပြောင်းလဲပြင်ဆင်ခြင်း၊ အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အခန်း(၂) အခန်းခေါင်းစဉ် ပယ်ဖျက်ခြင်းနှင့် ယခုပြင်ဆင်ချက်များဖြင့် အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်အတွက် လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါတင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်း အပိုဒ် ၁ မှ ၆၃ နှင့် ဥပဒေကြမ်းအမည်တို့သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည့်အတွက် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အပိုဒ် ၁ မှ ၆၃ နှင့် ဥပဒေကြမ်းအမည်တို့သည် ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များ၊ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အကျေအလည် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဗဟိုကော်မတီတွင် ပိုမိုခိုင်မာအားကောင်းစေရန် ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အဖွဲ့ဝင် နှစ်ဦးကိုလည်းကောင်း၊ ဒေသဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်တစ်ဦးကိုလည်းကောင်း၊ တိုက်ဖျက်ရေးဗဟိုဌာနတွင် အဖွဲ့ဝင် နှစ်ဦးကိုလည်းကောင်း ထပ်မံဖြည့်စွက်ခြင်း၊ လုပ်ငန်းတာဝန်များ အသစ်ဖြည့်စွက်ခြင်း၊ စကားရပ်များ အစားထိုးပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့်အတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးမျိုးမင်းနောင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူဖြင့် အဆိုပါဥပဒေကြမ်း ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၁၂-၆-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ - ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၆၆၆,၇၄၃.၈၂ | ၅,၀၉၈,၆၀၀.၀၀ | ၃,၂၀၉,၇၇၃.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ ကတ္တရာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၈၆၁၇ ဒသမ ၀၀ ကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂၆၂၄ ဒသမ ၁၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့
- မျက်နှာဖုံးတွင် ကာတွန်းနှင်းဦး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းလွမ်းမောင်(သုဝဏ္ဏ)၊ ကာတွန်းရွှေကြိုးကြာနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ဇာနည်၊ ကန့်ဘလူ ခင်မောင်ဆွေ၊ နတ်မောက်ကြည်မြိုင်၊ ချစ်စုအောင်၊ ငွေးကြည်(စလင်း)နှင့် ရေနံ့သာမောင်ကျော်ညွှန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၉- ၆-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၂၁)ထွက်ပြီ။

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းဖြင့်ဖြေရှင်းရန်အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ ရှမ်းပြည်တိုးတက်ရေး ပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် စဝ်နော်လိတ်၊ စဝ်စွမ်မောဝ်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် စိုင်းဗျူဖ၊ စိုင်းလောင်ခမ်းမိန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက် ပေါ်ပေါက်လာသည့် ရွေးကောက်ခံအစိုးရ သစ်လက်ထက်တွင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် ၂၀၂၆ ခုနှစ် ဧပြီ ၁၁ ရက်တွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ကြိုတင် ကန့်သတ်ချက်မထားသည့် နည်းလမ်းဖြင့် ဆွေးနွေးသွားရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ NCA Plus ကဲ့သို့ အကောင်အထည်ဖော်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း လျာထားကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်သည့်ကိစ္စများကို ဆောင်ရွက်မှုမရှိစေရေး ကာကွယ်စောင့်ကြည့်သည့် လုပ်ငန်းများကို ယန္တရားတည်ဆောက်၍ ဆောင်ရွက်ထားရန်လိုပြီး အစိုးရက ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက် နိုင်ရန်အတွက် စဉ်ဆက်မပြတ်ထိတွေ့လိုကြောင်း၊ SSPP အဖွဲ့၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေး ပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်က ငြိမ်းချမ်းရေးသည် အမှန်တကယ်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အမြဲတောင်းဆိုခဲ့ကြောင်း၊ ဖြစ်နိုင်သည့်ကိစ္စများကို ဦးစားပေးဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အတိတ်က သင်ခန်းစာများကိုယူပြီး ယုံကြည်မှုတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တန်းတူရေးကိုအခြေခံပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့်ပြည်ထောင်စုပေါ်ထွန်းရေး၊ ယုံကြည်မှုထိခိုက်စေသည့်ဖြစ်စဉ်များအပေါ် သင်ခန်းစာယူပြီး ထပ်မံမဖြစ်ပွားအောင် အလေးထားဆောင်ရွက်ရေး၊ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးရေး၊ ငြိမ်းချမ်းရေးကို ထိခိုက်စေသည့် ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရေး နှစ်ဖက်ဆက်လက် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က SSPP မှ ဆွေးနွေးသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ SSPP နှင့် ယခင် Bilateral တွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ မြေပြင်အခြေအနေနှင့် တပ်ပိုင်းဆိုင်ရာ ကိစ္စများ စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များက နိုင်ငံရေး ပြဿနာကို လက်နက်ကိုင်ဖြေရှင်းခြင်း မပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရေး၊ တန်းတူရေးကို အခြေခံသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ နှစ်ဖက်တပ်များအကြား အငြင်းပွားဖွယ်ရာကိစ္စများ ဖြစ်ပွားလာပါကလည်း တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ရေး၊ ဒေသတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များ မရှိစေရေး၊ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးနှင့် လက်ရှိရရှိထားသည့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရန် ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၊ နှစ်ဖက်ရရှိထားပြီးသည့် သဘောတူညီချက်များနှင့် အပစ်အခတ်ရပ်စဲမှုအခြေအနေကို လေ့လာစောင့်ကြည့်ခြင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများနှင့် နယ်မြေကျော်လွန်ခြင်း ကိစ္စများနှင့် ပတ်သက်ပြီး ချက်ချင်းဖြေရှင်းနိုင်မည့် အဖွဲ့စုံပါဝင်သည့် အဖွဲ့တစ်ရပ်ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေး ပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)စဝ်ခွန်ဆိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာလာအိုစစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ဇွန် ၉ ရက်တွင် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုပန်းခြင်းချအလေးပြုကြသည်။ယင်းနောက် ဘုရင့်နောင်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တွေ့ဆုံ၍ နှစ်ဖက်အပြန်အလှန်မိတ်ဆက်ခဲ့ကြပြီး နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးကြသည်။ ညနေပိုင်းတွင် အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၀ ရက်နံနက်ပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိ၍ ဦးပိန်တံတားသို့ သွားရောက်လေ့လာခြင်း၊ မန္တလေးမြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာခြင်း၊ မန္တလေးတောင်သို့ သွားရောက်လေ့လာခြင်း၊ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ညပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ အခြေပြုခဲ့ကြသည်။ အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ယင်းနောက် သန်လျင်တပ်နယ်သို့ ရောက်ရှိ၍ ဖရီဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)သို့သွားရောက်လေ့လာခြင်း၊ နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ညနေပိုင်းတွင် ဗိုလ်ချုပ်ဈေးသို့ သွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မဝ၁)**

# မြန်မာနှင့် လာအို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇွန် ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန်ဖုန်ဗီဟေးနှင့် ဇနီးတို့သည် ၂၀၂၆ ခုနှစ် ဇွန် ၁၁ ရက်မှ ၁၃ ရက်ထိ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကာလကြာရှည် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရှိရင်းစွဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပြန်လည်စတင်နိုင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အွန်လိုင်းလိမ်လည်မှုများ အပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရချင်း၊ လွှတ်တော်ချင်းသာမက ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှု တိုးမြှင့်ရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ အလုပ်သမားနှင့် အားကစားကဏ္ဍ အပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနှင့် လာအိုနိုင်ငံတို့တွင် အစိုးရသစ်များ အသီးသီးစတင်တာဝန်ယူသည့်အချိန်ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အဆင့် (LDCs)မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုများ အောင်မြင်စေရန် ဆုတောင်းပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် ထောက်ခံမှုပြသသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနှင့် လာအိုတို့သည် အာဆီယံသို့ တစ်ချိန်တည်း အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့သည့်နိုင်ငံများ ဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင် ထောက်ခံရပ်တည်သည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သောဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်သွားလိုကြောင်း၊ နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ခြင်းနှင့် နယ်စပ်ကုန်သွယ်မှု တိုးမြှင့်လိုပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်းများမှတစ်ဆင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အာဆီယံဆိုင်ရာကိစ္စရပ်များတွင် စည်းလုံးညီညွတ်မှုကိုအခြေခံ၍ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအဆင့်နှင့် အာဆီယံ၊ GMS၊ CLMV နှင့် အခြားဒေသဆိုင်ရာအဆင့်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် Park Royal ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❍ ဓာတ်အားလိုင်းမှအဆက်**

တာဝါတိုင်အမှတ်(၃၃၀) တွင် မိုးကြိုးလျှပ်စီးကြောင့် ကြွေသီးတွဲ မီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ကြွေသီးတွဲအသစ်အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ် တည်ငြိမ်မှုကိုမြှင့်တင်နိုင်ပြီး မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်သဖြင့် ဇွန် ၁၄ ရက် နံနက် ၈ နာရီ မှ နံနက် ၁၁ နာရီထိ သုံးနာရီကြာ ယာယီဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း မိုင်းပျဉ်းမြို့၊ ကျိုင်းတုံမြို့၊ လွယ်မွေမြို့၊ မိုင်းခုတ်မြို့၊ မိုင်းဆတ်မြို့၊ မိုင်းခတ်မြို့များ ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ကျိုင်းတုံမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံများကို အသေးစားရေအားလျှပ်စစ်စက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုဖြင့် ဝန်အားထိန်းညှိဖြန့်ဖြူးပေးထားမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မည့် အခြေအနေများအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် အများပြည်သူများကို ကြိုတင်အသိပေး အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ထားသော ၆၆ ကေဗွီ တောင်ကြီး-အောင်သပြေ ဓာတ်အားလိုင်းတစ်လျှောက် သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အောင်သပြေဓာတ်အားခွဲရုံတွင် လိုအပ်သော ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၄ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း နောင်ကား၊ နောင်ခဲ၊ ကျောက်တလုံးကြီး၊ ဆီဆိုင်၊ ဆိုက်ခေါင်၊ ဘန်းယဉ်၊ စက်မှုဇုန်(၁၊ ၂)၊ ရှမ်းရိုးမဘိလပ်မြေ စက်ရုံ၊ ဟိုတယ်ဇုန်ခွဲရုံ၊ စံကားခွဲရုံ၊ တောင်ကြီး အမှတ်(၁)ခွဲရုံတို့မှ ဓာတ်အားပေးထားသော စဝ်စံထွန်းဆေးရုံကြီးနှင့် အရေးကြီးနေရာများ၊ မြို့ပေါ် ကိုးရပ်ကွက်နှင့် ကျေးရွာ ၄၀၅ ရွာတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပိတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အသိပေး အကြောင်းကြားထားပြီး ဖြစ်ကြောင်း သိရသည်။

အလားတူ ၂၃၀/၆၆/၁၁ ကေဗွီ ဘားအံပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၆၆ ကေဗွီ စက်မှုဇုန်-လှိုင်းဘွဲဓာတ်အားလိုင်းကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဇွန် ၁၄ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်နေစဉ် ၆၆/၃၃/၁၁ ကေဗွီ လှိုင်းဘွဲ(ချမ်းသာ) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် လှိုင်းဘွဲ၊ ပိုင်ကျုံ၊ မြိုင်ကြီးငူ၊ ကမမောင်းမြို့တို့ရှိ မြို့ပေါ်ရပ်ကွက်အားလုံးနှင့် ကျေးရွာ ၈၃ ရွာတို့တွင် ဓာတ်အား ယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင် အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ၁၃၂ ကေဗွီ ကျိုင်းတောင်း-နမ့်စန် ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ခရိုင်၊ မြို့ ဧရိယာများတွင် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး ၁၃၂ ကေဗွီ ကျိုင်းတောင်း-နမ့်စန် ဓာတ်အားလိုင်းကို အသေးစိတ်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတောင်းမြို့နယ် ၁၉ မိုင် ကျေးရွာအနီး တာဝါတိုင်အမှတ် (၁၅၇ နှင့် ၁၅၈) အကြား A Phase ဓာတ်အားလိုင်းကြိုး ကြိုးလွန်းဖွာနေခြင်း၊ တာဝါတိုင်အမှတ်(၁၁၉ နှင့် ၁၂၀) အကြား A Phase ဓာတ်အားလိုင်းကြိုး ကြိုးလွန်းပြတ်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၄ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်စဉ် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်မှု ၃၄ မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်၍ ကျန်ဓာတ်အားပေးစက်ရုံများမှ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ Main ထရန်စဖော်မာနှင့်ဆက်စပ် Switchbay (ဆွဒ်ဘေး) ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိ ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ သာဝတ္တိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာအချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❑ ဂုဏ်ပြုကြိုဆိုမှုအဆက်**

ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေး အတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

---


## ယာဉ်အိုး၊ ယာဉ်ဟောင်းများ ပယ်ဖျက်ရေးနှင့် အစားထိုးလျှပ်စစ်သုံးယာဉ်များတင်သွင်းရေး အသိပေးကြေညာချက်

မော်တော်ယာဉ်များထုတ်လုပ်ခဲ့သည့်ခုနှစ်ကြာမြင့်ပြီး အိုမင်းဟောင်းနွမ်းသော မော်တော်ယာဉ်များသည် စက်သုံးဆီပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း၊ ယာဉ်များ၏ကြံ့ခိုင်မှုအားနည်းခြင်းသည် ယာဉ်မတော်တဆမှုများဖြစ်ပေါ်ခြင်း၊ ယာဉ်မှပိုမိုထွက်သောမီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းတို့ကို ဖြစ်ပေါ်စေသောကြောင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ ကျော်လွန်ယာဉ်များ၊ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြင်ဆင်၍မရနိုင်သည့်ယာဉ်များနှင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ မကျော်သော်လည်း မိမိဆန္ဒအရအပ်နှံလိုသည့် ယာဉ်များကို အပ်နှံယာဉ်၏တန်ဖိုးနှင့်အညီ လျှပ်စစ်သုံးယာဉ်(EV)ယာဉ်များကို အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယာဉ်အိုးယာဉ်ဟောင်းအပ်နှံမှုအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ပေးသည့် ဖျက်သိမ်းယာဉ် ထောက်ခံချက်ပုံစံ(ဃ)တင်ပြပါက အပ်နှံသည့်ယာဉ်အမျိုးအစားအလိုက် သင့်လျော်သော လျှပ်စစ်သုံးယာဉ်(EV)တစ်စီးကို အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကစိစစ်၍ အစားထိုးတင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျသင့်မည့် နိုင်ငံခြားငွေများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ဆေးဝါးကုသပေးထားမှုအခြေအနေများ ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ဆေးဝါးကုသပေးထားမှု အခြေအနေများ ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံမန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိတပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ၁၀ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th Myanmar-Thai Navy to Navy Talks)ပြုလုပ်

နေပြည်တော် ဇွန် ၁၂

ရန်ကုန်မြို့တွင် ပြုလုပ်သည့် ၁၀ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ(10th Myanmar-Thai Navy to Navy Talks) သို့တက်ရောက်ရန်အတွက် ထိုင်းဘုရင့်ရေတပ် Naval Operations Department, Office of Policy and Planning မှ Director ဖြစ်သူ Rear Admiral Chak-sawat Saiwong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၉ ရက်နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်ဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စစ်ရေယာဉ်များ အပြန်အလှန်လည်ပတ်စဉ် ဆောင်ရွက်မည့်အစီအစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲချက်များ သဘောတူလက်မှတ်ရေးထိုးပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဖေယျကျော်ထင်ခန်းမ၌ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်တံဆိပ်များအပြန်အလှန်ပေးအပ်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ရေတပ်လေ့ကျင့်ရေး ဌာနချုပ်သို့ ရောက်ရှိစဉ် ထိုင်းဘုရင့်ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်(ရေ)နှင့် ထိုင်းဘုရင့်ရေတပ်တို့၏ လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ကြည့်ရှုခြင်းနှင့် ရေတပ်လေ့ကျင့်ရေးဆိုင်ရာ ဆင်မြူလေတာများ၏ သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းဘုရင့်ရေတပ်မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




၁၀ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ(10th Myanmar-Thai Navy to Navy Talks) ပြုလုပ်စဉ်။

ရှေ့ဖုံးမှအဆက်

ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်ပါသည်။ (သတင်းစဉ်)



# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဇွန် ၁၁ ရက်မှ ၁၃ ရက်ထိ တရားဝင်ခရီးစဉ်လာရောက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာထောင်ဆာဗန်ဖွီဟေးနှင့်ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)တွင် တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းများကို သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်ကတ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းမှ နိုင်ငံ့သားကောင်း သင်တန်းသားများကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသားအိပ်ဆောင်များ၊ သောက်သုံးရေကန်များ၊ သင်တန်းသားစားရိပ်သာ၊ စားဖိုဆောင်များ၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းသင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

# ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၁၂

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၀၆ ဦးကို အဆိုပါကျေးရွာရှိ ရေလယ်ဘုရားလမ်း ပရိယတ္တိကျောင်း၌လည်းကောင်း၊ တွံတေးမြို့နယ်ပြင်ပတိုက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို အဆိုပါကျေးရွာရှိ အနန္တမေတ္တာဓမ္မာရုံ၌လည်းကောင်းအခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မင်းသန်း-မောင်းလှော်တံတား ပေ ၂၁၀၀ ဖွင့်ပွဲကျင်းပ



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မင်းသန်း – မောင်းလှော်တံတားမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တောင်ပုလဲ – ရှမ်းတောင် – မင်းသန်း – မောင်းလှော်လမ်းပိုင်းရှိ မင်းသန်း–မောင်းလှော်တံတား ပေ ၂၁၀၀ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတံတားနေရာ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မင်းသန်း– မောင်းလှော်တံတားဆိုင်ရာ အချက်အလက် နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက တံတား တည်ဆောက်ပြီးစီးမှုအတွက် ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်းသန်း–မောင်းလှော်တံတား မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန် ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာ တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များ ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တာဝန်ရှိသူများသည် တံတားကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။ (ဒ၀၁)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၂**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်ကတ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစု ဝင်များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ နှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြား သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက် ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆု နှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့် ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်း ရရှိသည်။ (ဒ၀၁)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဒိုင်းဆုရရှိသော အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုရရှိသော အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၁၂**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း ၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ နှင့် ဖိတ်ကြားထားသော အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် ခိုလမ်တပ်နယ်(က) အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်း တို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ ကို ဆက်လက်ပြုလုပ်ရာ တာဝန်ရှိသူများ က တစ်ဦးချင်းအကောင်းဆုံးအားကစား သမားဆု၊ အသင်းလိုက်ဆုနှင့် ဒိုင်းဆုရရှိ သော အသင်းတို့ကို ဒိုင်းဆုနှင့် ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်း ရရှိသည်။ (ဒ၀၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဒိုင်းဆုရရှိသော အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၁၂**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစု ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် တောင်ကြီးတပ်နယ်အသင်းနှင့် ဟိုပုံး တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေ မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက် ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်း ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင် များနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့် ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၃ ရက် မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (ဒ၀၁)

## ထူးခြားသည့် နေ့အပူချိန်များ

(၁၂ – ၆ – ၂၀၂၆)

| | | | |
|---|---|---|---|
| တံတားဦး | ၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၅ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

❖ ဥပဒေဘောင်အတွင်းမှ

လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ရွှေတောင်မြို့မှ အမျိုးသား နှစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား နှစ်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး သုံးဦး၊ နေပြည်တော်ကောင်စီနယ်မြေမှ အမျိုးသား တစ်ဦး၊ တောင်ကုတ်မြို့မှ အမျိုးသား တစ်ဦး၊ တာမွေမြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား တစ်ဦး၊ သဲကုန်းမြို့မှ အမျိုးသား တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ တိုက်ကြီးမြို့မှ အမျိုးသား တစ်ဦး၊ ပုသိမ်မြို့မှ အမျိုးသား တစ်ဦး၊ ဇလွန်မြို့မှ အမျိုးသား တစ်ဦး၊ ဒိုက်ဦးမြို့မှ အမျိုးသား တစ်ဦး၊ မြင်းမူမြို့မှ အမျိုးသမီး တစ်ဦး၊ နတ်မောက်မြို့မှ အမျိုးသမီး တစ်ဦး၊ ပန်းတောင်းမြို့မှ အမျိုးသမီး တစ်ဦး၊ ဇီးကုန်းမြို့မှ အမျိုးသမီး တစ်ဦး စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦး နှင့် အမျိုးသမီး ခုနစ်ဦးတို့ကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA –1 သေနတ် တစ်လက်၊ MA –2 သေနတ် တစ်လက်၊ M–16 သေနတ် နှစ်လက်၊ M–4 သေနတ် လေးလက်၊ လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ၅ ဒသမ ၅၆ မမကျည် အတောင့် ၂၀၊ ကျည်အိမ် ခုနစ်ခု၊ အမ် ၄ ကျည် အတောင့် ၁၂၀ နှင့် အမ် ၁၆ ကျည် ၁၇ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် ရှစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၀၀၊ လက်ပစ်ဗုံးတစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ ရှေ့ထွက်မိုင်း တစ်လုံး အတွက် ဆုကြေးငွေ သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၃ ဦးကို တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စား အလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

"ကျွန်တော်က ၃၈၀၁ မှာပါ။ အဲဒီမှာကတော့ မကြာဘူးပေါ့နော်။ ကျွန်တော်







၂၀၂၁၊ ၄/၅ လ လောက်ပဲ ကြာလိုက်တယ်။ အဲ့ဒီကနေပြီး ရခိုင်ကိုရောက်သွားတယ်။ အဓိကတော့ လက်နက်မရှိတော့ လက်နက်ရှိတဲ့နေရာ သွားပူးတွဲတိုက်ပေးရတာပေါ့။ ကျွန်တော်တို့ အစပိုင်းကတော့ ယူဆမိတယ်ပေါ့။ အခုနောက်ပိုင်းတော်တော်များများကတော့ အောင်မြင်မယ်လို့လဲ မထင်မိတော့ဘူး။ ဘယ်လိုအကြောင်းကြောင့်လဲဆို အကျင့်ပျက်ခြစားတဲ့ ပုဂ္ဂိုလ်တွေကြောင့်ပေါ့နော်။ တချို့ခေါင်းဆောင်တွေဆိုရင် ကောင်းမွန်တဲ့ကားတစ်စီးနဲ့ သွားတယ်၊ လာတယ် KTV တွေ တက်တယ်။ အောက်ခြေက ရဲဘော်တွေကတော့ ရှေ့မှာအသက်တွေပေးလို့ပေါ့နော်။ ဒါမျိုးတွေလဲ ကြုံတွေ့နေရတာပေါ့။ အလင်းဝင်ဖို့ကတော့ကြာပါပြီ။ အခွင့်မသာလို့ပေါ့နော်။ အရင်ဆုံး အမေ့ကိုလှမ်းပြောတယ်။ အလင်းဝင်သင့်လားလို့။ အမေကလဲ ပြန်ပြီး အလင်းဝင်ဖို့ပြောတယ်။ ဒီဘက်မှ တစ်ဆင့် အစ်ကိုကြီးလှမ်းချိတ်တယ်။ ချိတ်ပြီးတော့မှ ပြန်ဝင်တာပါ။ မဝင်ခင်ကတော့ ရှိခဲ့ပါတယ်။ တော်တော်လဲ စိုးရိမ်မှုတွေရှိခဲ့ပါတယ်။ကျွန်တော်တို့ ကြားထားတာနဲ့ တခြားစီပေါ့နော်။ ဒီဘက်ရောက်တော့ ကျွန်တော်တို့ကို ကြိုဆိုပါတယ်။ လိုအပ်ချက်မရှိအောင်လဲ အကုန်လုံး ဆောင်ကြဉ်းပေးတယ်။ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ကအစ အကုန်လုံး ပြည့်ပြည့်စုံစုံပါပဲ။ ကိုယ့်အိမ်မှာတောင် အဲ့ဒီလောက်ထိ မပြည့်စုံဘူး။ ဟိုသူတို့ ဟိုဘက်မှာ ဝါဒဖြန့်ထားတာတွေ အဲ့ဒီလိုမျိုးပေါ့နော်။ ဒီဘက်သွားလို့ရှိရင် အလင်းဝင်တာပဲဖြစ်ဖြစ်၊ အဖမ်းဆီးခံရတာပဲဖြစ်ဖြစ်၊ သတ်ဖြတ်တာမျိုးတို့၊ ပြီးရင် ထောင်ချတာမျိုးတို့၊ ပြီးရင် ဒီပြည်သူ့စစ်မှုထမ်းထဲထည့်တာမျိုးတို့ ဒါပြောကြတာပါပဲ။ အခု ကျွန်တော်တို့ကိုယ်တိုင်ဝင်လာတော့ အခု ကျွန်တော်တို့ အေးဆေးပါပဲ။ အခုကိုယ့်အိမ်ကို ပြန်ရမယ်လေ။ ကျွန်တော့်အနေနဲ့ကတော့ ဟိုဒီ တွေဝေမနေကြပါနဲ့လို့နော်၊ ကျွန်တော့်ညီအစ်ကိုတွေပေါ့နော်။ အကုန်လုံး ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ရပါတယ်လို့။ ပြန်ပြီးတော့ ဒီတပ်မတော်ကလဲ ကြိုဆိုပါတယ်တဲ့ နွေးနွေးထွေးထွေးနဲ့။ ဘာမှလဲ မလုပ်ပါဘူးလို့နော်။ ကိုယ့်မိဘရှိရာကို ပြန်အပ်ပေးတယ်၊ ပြီးရင် ကျွန်တော်တို့ကို ထောက်ပံ့မှုတွေပေးတယ်၊ အလုပ်အကိုင်တွေအစ အကုန်ပေးပါတယ်။ အဲ့ဒီအထဲမှာရှိနေတဲ့၊ အမှောင်ထဲမှာ ရှိနေတဲ့သူ အကုန်လုံး ကျွန်တော်တို့ ပြန်ပြီးတော့ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

"သူငယ်ချင်းတွေ စုပြီးတော့ ငါတို့လဲ ဝင်ကြမယ်ပေါ့။ လိုင်းပေါ်ကနေ သူငယ်ချင်းတွေနဲ့ပေါ့ ချိတ်ပြီးတော့ ဝင်သွားတာ။ပထမကျွန်တော်တို့က တပ်ခွဲကနေပြီးတော့ တာဝန်ထမ်းဆောင်တာ။ တပ်ခွဲကနေပြီးတော့ ရာထူးတက်သွားတော့ ရင်းဖြစ်သွားတာ။ ရင်းမှာဆက်ပြီး တာဝန်ထမ်းဆောင်တာ။ တိုက်ပွဲကတော့ ခေါ်တာတော့ လိုက်ဖူးတယ်။ ဒါပေမဲ့ ပွဲထဲကို ထိထိရောက်ရောက်တော့မရောက်ခဲ့ဘူး။ မိသားစုတွေနဲ့ကတော့ အဆက်အသွယ်ရတယ်။ ကိုယ်ဝင်ကတည်းကပေါ့ မိသားစုတွေကတော့ သဘောမကျဘူး။ အလင်းဝင်ဖို့ကျတော့ ကျွန်တော်တို့ မြို့နယ်ကပဲ အဲ့ဒီကနေ ချိတ်ဆက်ပြီး ဝင်လိုက်တာ။ ကြောက်တော့ကြောက်ခဲ့တယ်။ဒီလိုအလင်းဝင်ဖို့ဆိုတာတော့ ကိုယ်တစ်ယောက်တည်းမဟုတ်ဘူး၊ ကိုယ့်အဖွဲ့အစည်းမှာလဲ ဝင်ချင်တဲ့လူတွေရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဘက်ကို ဝင်လိုက်ပြီဆိုရင် ဒီဘက်က ကိုယ်ထင်ထားသလို မဖြစ်မှာလဲကြောက်တယ်။ ဟိုဘက်ကလဲ အဲ့ဒီတိုင်းပဲ။ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ အခု ရုံးပေါ်မှာ ရောက်နေတဲ့ လူငယ်တွေအကုန်လုံး ကိုယ့်အိမ်ကို ပြန်ချင်နေကြတဲ့သူတွေကြီးပဲ။ ကျွန်တော်တို့ တစ်ယောက်တည်း မဟုတ်ဘူး၊ ကျွန်တော်လဲ အဖွဲ့အစည်းထဲမှာ နေလာတာဖြစ်တဲ့အတွက် အဖွဲ့အစည်းက လူတွေအကြောင်းကိုသိတယ်။ သူတို့လဲ သူတို့အိမ် သူတို့ ပြန်ချင်တယ်။ ဒါပေမဲ့ ဒီဘက်ကို အလင်းဝင်ဖို့ဆိုတာလဲ တွန့်ဆုတ်တယ်။ ဘာလို့လဲဆိုတော့ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လိုဖြစ်မလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ အကုန်လုံးနီးပါးကတော့ ကိုယ့်အိမ်ကိုယ်ပြန်ချင်နေကြပြီ။ စိတ်တွေမပါကြတော့ဘူးပေါ့။ နှစ်တွေလဲ ကြာနေပြီဆိုတော့။ကိုယ်က ဟိုဘက်ထဲက နေပြီးတော့ ဒီဘက်ထဲကို ဝင်လာတယ်ဆိုတော့ မတူဘူးပေါ့။ ဒါပေမဲ့ ဒီဘက်ရောက်တော့ နွေးနွေးထွေးထွေးနဲ့ အကောင်းဆုံးကြိုဆိုတယ်။ ကိုယ်တွေ ထင်ထားတာထက်တောင် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ သူတို့ကိုလဲ သူတို့ မိဘတွေနဲ့ ဆုံစည်းပြန်နေစေချင်တယ်ပေါ့။ အကုန်လုံးကို ဖိတ်ခေါ်တယ်ပေါ့ ဒီကနေ့၊ မိသားစု စုံစုံလင်လင်နဲ့ ဖြစ်စေချင်ပါတယ်"ဟု ပြောသည်။ (၅၀၁)

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင်မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်တို့ကိုကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

# နေရာကွက်မိုးကြီးမှုနှင့် ထူးကဲဒီရေတက်ချိန် ရေကြီးရေလျှံမှု အထူးသတိပြု

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန် အများပြည်သူအား ရုပ်သံလိုင်းများနှင့် နိုင်ငံပိုင်သတင်းစာများက စဉ်ဆက်မပြတ် အသိပေးနှိုးဆော်ပေးလျက်ရှိသည်။ ယခု မိုးရာသီစတင်ချိန်တွင် မုတ်သုံလေအားကောင်းမှုကြောင့် မိုးမပြတ်ရွာသွန်းလျက်ရှိပြီး မိုးရွာသွန်းမှုများချိန် ထူးကဲဒီရေတက်ချိန်နှင့် တိုက်ဆိုင်ခဲ့ပါက မြစ်၊ ချောင်းအနီးရှိ မြို့ရွာများ ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ရာ သဘာဝဘေးအန္တရာယ်အား ကြိုတင်ကာကွယ်သတိပြုနိုင်ရန် ရန်ကုန်မြို့ ကမ္ဘာအေးရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် တွေ့ဆုံမေးမြန်းခဲ့မှုတို့ကို ဖော်ပြလိုက်ပါသည်-



**ဒေါက်တာ မေခင်ချော(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး)**

မိုးရာသီစတင်ဝင်ရောက်ချိန်မှာ အနောက်တောင်မုတ်သုံလေဟာ ဇွန် ၄ ရက်ကစပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို လွှမ်းခြုံသွားပြီလို့ ဆိုရမှာပါ။ မိုးဦးကာလဖြစ်တဲ့အတွက် မုတ်သုံလေအားကောင်းတတ်ပါတယ်။ အခုလက်ရှိ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ မုတ်သုံလေအားကောင်းမှုကြောင့် အားကောင်းကောင်းနဲ့ မိုးရွာသွန်းနေတာကို တွေ့ရှိရပါတယ်။ ဇွန် ၁၁ ရက်ကဆိုရင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့မှာ မိုးရေချိန် ၃၉ မီလီမီတာ၊ တညင်မှာဆိုရင် ၃၅ မီလီမီတာ၊ ကမ္ဘာအေးမှာ ၅ မီလီမီတာ၊ မှော်ဘီမှာ ၃၄ မီလီမီတာ စသဖြင့် ပျံ့နှံ့စွာရွာသွန်းခဲ့တာကို တွေ့ရပါတယ်။ ဘင်္ဂလားပင်လယ်အော်ကို ကြည့်မယ်ဆိုရင် မုတ်သုံလေအားအလွန်ကောင်းနေတာကို တွေ့ရပါတယ်။ မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ မုတ်သုံလေအားကောင်းတဲ့အတွက် မိုးသက်လေပြင်းကျရောက်ပြီး ရံဖန်ရံခါ ကိုးပေကနေ ၁၁ ပေခန့်ထိ လှိုင်းကြီးနိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်။

အခုလာမယ့် ဇွန် ၁၇ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးမှာ မိုးများနေမယ်လို့ ခန့်မှန်းတွက်ချက်လို့ရပါတယ်။ တစ်ရက်ကို မိုးရေချိန် သုံးလက်မကနေ လေးလက်မနီးပါး ရန်ကုန်မြို့မှာ ရွာသွန်းနိုင်ခြေရှိပါတယ်။ ဇွန် ၁၂ ရက်မှာ မိုးရေချိန် သုံးလက်မခန့် ရွာသွန်းပြီး ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်တွေမှာ လေးလက်မနီးပါးထိ ရွာသွန်းနိုင်ပြီး နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်နဲ့ ရန်ကုန်ဧရိယာတစ်ဝိုက် ကမ်းခြေတွေမှာ ဇွန် ၁၄ ရက်ထိ ကိုးပေကျော် ၁၀ ပေနီးပါးထိ လှိုင်းကြီးနိုင်ပါတယ်။ မိုးတိမ်တောင်ကြောင့် မိုးသက်လေပြင်းကျပြီး မိုးကြိုးပစ်တဲ့ အန္တရာယ်တွေလဲ ကြုံတွေ့ရနိုင်ပါတယ်။

ပင်လယ်ပြင်ကနေ ဒီရေတက်တဲ့အချိန် လပြည့်၊ လကွယ်ပြီးလို့ ၁ ရက်၊ ၂ ရက်ဆိုရင် ဒီရေဟာ အမြင့်ဆုံးတက်တတ်ပါတယ်။ ဒီလိုအခြေအနေမှာ မိုးရွာသွန်းမှုများခဲ့ရင် သတိပြုဖို့လိုပါတယ်။ အခုလာမယ့် နယုန်လကွယ်နေ့ ဇွန် ၁၄ ရက်ပြီးလို့ ၁၅ ရက်ကနေ ၁၇ ရက်ဆိုရင် ဒီရေအမြင့်ဆုံးအခြေအနေကို ရောက်လာမှာပါ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကလဲ ဒီရေတက်နိုင်ဖွယ်ရှိတယ်လို့ ထုတ်ပြန်ကြေညာထားတာရှိပါတယ်။ ဒီလိုအခြေအနေမှာ မိုးကလဲ သည်းထန်စွာရွာသွန်းမယ်ဆိုရင် မြစ်၊ ချောင်းတွေကနေ ပင်လယ်ထဲကို တိုက်ရိုက်စီးဆင်းရမယ့်ရေဟာ ဒီရေခံနေတဲ့အတွက် ကမ်းနားတစ်လျှောက်နဲ့ မြေနိမ့်ပိုင်းတွေ ရေလွှမ်းတဲ့ ဘေးအန္တရာယ်ရှိနိုင်ပါတယ်။ မုတ်သုံလေကြောင့် ကမ်းနားဒေသတွေမှာ လှိုင်းကြီးနိုင်တဲ့အတွက် မိုးလေဝသနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပြန်တဲ့ ဒီရေအခြေအနေကိုလဲ သတိပြုနားထောင်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေကို လုပ်ဆောင်သင့်ပါတယ်။

ရန်ကုန်မြို့တွင်းမှာရှိတဲ့ မြစ်၊ ချောင်းနဲ့ မြောင်းတွေ ပိတ်ဆို့မှုမရှိအောင် ပြည်သူတွေအနေနဲ့ အမှိုက်ကိုစနစ်တကျစွန့်ပစ်ကြဖို့လိုပါတယ်။ အထူးသဖြင့် ပြည်သူလူထုအနေနဲ့ သတ်မှတ်ထားတဲ့စည်းကမ်းကို လိုက်နာဖို့လိုပါတယ်။ ဒါမှသာ ရေကြီးရေလျှံတဲ့ ဖြစ်စဉ်ကို လျော့ပါးသက်သာစေမှာပါ။ အထူးသဖြင့် မြစ်ချောင်းတွေ ရေစီးရေလာကောင်းအောင် စီမံဆောင်ရွက်ထားမယ်ဆိုရင် ရေလွှမ်းမိုးမှု လျော့နည်းစေမှာဖြစ်ပါတယ်။

အယ်လ်နီညိုဟာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းမှာ ဖြစ်ပေါ်တဲ့အခြေအနေတစ်ခုပါ။ ပစိဖိတ်သမုဒ္ဒရာရဲ့အလယ်ပိုင်းရေပြင် နီနို ၃ ဒသမ ၄ ဧရိယာက အပူချိန်ကိုတိုင်းတာပြီး အယ်လ်နီညိုအခြေအနေကို စောင့်ကြည့်ရတာဖြစ်ပါတယ်။ မနေ့ကပဲ အယ်လ်နီညိုဖြစ်စဉ်ကို ဒုတိယအကြိမ် ထုတ်ပြန်ထားပါတယ်။ လက်ရှိမှာ အယ်လ်နီညိုက အားအနည်းငယ်ပဲရှိနေပါတယ်။ နှစ်ကုန်ပိုင်းမှာ အားကောင်းတဲ့ အခြေအနေကို ရောက်ရှိလာနိုင်ပါတယ်။ အယ်လ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာ တောင်အမေရိကတိုက်ရဲ့ ကမ်းခြေတွေမှာ ဖြစ်ပေါ်တာပါ။ ပင်လယ်ရေမျက်နှာပြင်မှာ မူလစီးနေတဲ့ ရေအေးစီးကြောင်းနေရာမှာ ရေနွေးစီးကြောင်းတွေစီးဆင်းပြီး ပင်လယ်မျက်နှာပြင်ဟာ ပူနွေးတဲ့အတွက် လေထုထဲက ဆဲလ်တွေပြောင်းလဲလာပြီး ပုံမှန်မိုးရွာရမယ့်နေရာတွေမှာ မိုးမရွာဘဲ မိုးခေါင်မှုတွေ ဖြစ်ပေါ်တာ၊ မိုးများတဲ့နေရာတွေဖြစ်ပေါ်တာ၊ ပူပြင်းခြောက်သွေ့မှုတွေဖြစ်ပေါ်တာစသဖြင့် ဖြစ်ပေါ်တာကို အယ်လ်နီညိုဖြစ်ပေါ်တာလို့ ဆိုလိုပါတယ်။ အယ်လ်နီညိုဖြစ်စဉ်ဟာ စတင်ဖြစ်ပေါ်နေပေမယ့် မြန်မာနိုင်ငံကို ချက်ချင်းမရောက်လာပါဘူး၊ နှစ်ကုန်ပိုင်းမှာ ရောက်လာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဆောင်းကာလအအေးပေါ့တာ၊ နွေကာလမှာ ပိုပြီးပူပြင်းတာတို့ ကြုံတွေ့ရနိုင်ပါတယ်။ အယ်လ်နီညိုကျရောက်ပြီဆိုရင် မိုးရွာသွန်းမှု လျော့နည်းတာ၊ မိုးမမှန်တာ၊ အပူများတာ၊ မိုးခေါင်တာ၊ စိုက်ပျိုးရေနဲ့ သောက်သုံးရေ ရှားပါးတာတွေ ကြုံတွေ့ရနိုင်ပါတယ်။ လက်ရှိမှာတော့ မြန်မာနိုင်ငံကို အယ်လ်နီညို သက်ရောက်မှု မရှိသေးပါဘူး။

ဒီကာလမှာ ထူးကဲဒီရေကို ကြေညာထားတဲ့အတွက် ပြည်သူများအနေနဲ့ သွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ နေရေးထိုင်ရေးကို သတိပြုဖို့လိုပါတယ်။ ချောင်းတွေ၊ မြောင်းတွေမှာလဲ ရေပြည့်ရေလျှံမှုမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်ထားပြီး မိုးလေဝသသတင်းကို ဂရုစိုက်နားထောင်ရင်းနဲ့ လိုအပ်တဲ့ အစီအမံတွေ ဆောင်ရွက်ထားကြဖို့ ပြောကြားလိုပါတယ်။

အင်တာဗျူး- သစ္စာ(mna)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ဦးရေ ၁၃၅၄၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၅ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ပြည်ပနိုင်ငံသား လေးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ နှစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၅၈ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၁၂

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေ အဆောက်အအုံ နှစ်လုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံ နှစ်လုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ စုစုပေါင်း အဆောက်အအုံ ၅၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၉ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

# လယ်ဝေးမြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၂

လယ်ဝေးမြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် ညနေ ၅ နာရီတွင် သတင်းအရ လယ်ဝေးမြို့နယ် ကြာကန်ကျေးရွာအနီးတွင် တောင်ငူမြို့ (၁၀)ရပ်ကွက်နေ မြင့်သူ ၅၅ နှစ် မောင်းနှင်လာသော MITSUBISHI OUT-LANDER အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀) ဖမ်းဆီးရမိသဖြင့် မြင့်သူကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားသည်။


မြင့်သူကို သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။


ထက်မြတ်ကျော်ကို သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဇွန် ၉ ရက် နံနက် ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးညှင်းမြို့နယ် နန့်စီးအောင်ရွာအနီး၌ မိုးကောင်းမြို့နယ် ပဲခူးစုရွာနေ သန်းနိုင်ဦး ၃၂ နှစ် မောင်းနှင်ပြီး အင်းတော်မြို့နယ် ပေကုန်းရွာနေ အောင်မြင့်ထွန်း ခေါ် ထွေးပို ၄၈ နှစ် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၂ သိန်း) ဖမ်းဆီးရမိသဖြင့် သန်းနိုင်ဦးနှင့် အောင်မြင့်ထွန်း ခေါ် ထွေးပိုတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ ဇွန် ၁၁ ရက် နံနက် ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်တုန်းမြို့နယ် အရွဲကျေးရွာအနီးတွင် ရန်ကုန်မှ ဖျာပုံသို့မောင်းနှင်လာသော ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် လှိုင်သာယာမြို့ (၉)ရပ်ကွက်နေ ထက်မြတ်ကျော် ၂၂ နှစ် သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) ဖမ်းဆီးရမိသဖြင့် ထက်မြတ်ကျော်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၆၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၆၈၉ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုး ရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံ ဧက ၂၀၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၆၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံ ဧက ၂၀၃၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၆၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုး ရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံ ကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲစိုက် ပျိုးကြပါတယ်"ဟု ချောင်းဦး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံစိုက်ပျိုးမည့် တောင်သူ များကို မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်း စနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေး လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သော ကြောင့် ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုး နိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့် ကြောင်း ချောင်းဦးမြို့နယ် စိုက် ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ဦးမြို့အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ပြုလုပ်ပေး

**ညောင်ဦး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အခြေခံပညာ အထက်တန်း ကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ညောင်ဦးမြို့နယ် ဦးစီးမှူးရုံးက ဦးစီး၍ နိုင်ငံသားစိစစ်ရေးကတ် ပြားနှင့် UID ကတ်များကို ဇွန် ၁၁ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က အဆိုပါကျောင်း၌ ပြုလုပ်ပေးခဲ့ ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ပေးရာတွင် ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏ နှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ် ရေးကတ်ပြား ပြုလုပ်ပေးခြင်း၊ လဲလှယ်ပေးခြင်းနှင့် လိုအပ်သည့် ကိုယ်ရေး အချက်အလက်များ ထည့်သွင်း၍ UID ကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။


ညောင်ဦးမြို့နယ် အခြေခံ ပညာ အထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၇ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များကို ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏ တို့က ကျောင်းသား၊ ကျောင်းသူ များ လက်ဝယ်အရောက် ပေးအပ် ခဲ့ကြောင်း၊ ကျန်ရှိသောအခြေခံ ပညာကျောင်းများသို့ ဆက်လက် ပြုလုပ် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူး ဦးစောဝဏ္ဏက ပြောပြ၍ သိရသည်။

ဒီပါလင်း

# စာအုပ်စာပေ လှူမိတ်ဆွေ






## မိဘအမည်မှန်

မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက်ကျေးရွာ၊ တိုးကြီးကုန်းအခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော G-6 မှ မောင်ခန့်ဇေလင်း၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်ထွန်းနှင့် ဒေါ်ဇင်မျိုးဦး ဖြစ်ပါကြောင်း။

ဦးမြင့်ထွန်း(၅/ပလန(နိုင်)၀၁၀၇၀၈)
ဒေါ်ဇင်မျိုးဦး(၉/မရတ(နိုင်)၁၂၇၃၁၈)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ရဲလင်းဟိန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလှိုင်မျိုးထွန်းဖြစ်ပါကြောင်း။

ဦးလှိုင်မျိုးထွန်း(၉/စကတ(နိုင်)၀၇၈၃၉၈)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-2 တွင် ပညာသင်ကြားနေသော မခိုင်နှင်းနွယ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိပ္ပ ဖြစ်ပါကြောင်း။

ဦးသိပ္ပ(၉/စကတ(နိုင်)၁၁၆၅၆၇)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-3 တွင် ပညာသင်ကြားနေသော မောင်အောင်ချမ်းဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိပ္ပ ဖြစ်ပါကြောင်း။

ဦးသိပ္ပ(၉/စကတ(နိုင်)၁၁၆၅၆၇)

## ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်၊ နယ်မြေ(၁)၊ မှန်တန်းရပ်နေ မောင်မိုးဇော်အောင် (ဘ) ဦးမြင့်အောင်(၉/အမရ(နိုင်)၁၄၇၉၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-896256669

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်ဟိန်းခန့်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းခိုင် ဖြစ်ပါကြောင်း။

ဦးထွန်းခိုင်(၉/စကတ(နိုင်)၀၆၉၆၇၁)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်ဝေယံမိုးအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်မင်းဇော် ဖြစ်ပါကြောင်း။

ဦးအောင်မင်းဇော်(၉/စကတ(နိုင်)၁၁၆၅၅၂)

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၇) အထက်တန်းကျောင်း၊ Grade-7 မှ ဦးထိုက်ထိုက်အောင်၏သား မောင်ဟန်ထွန်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၀-၈-၂၀၁၂ ဖြစ်ပါကြောင်း။ မောင်ဟန်ထွန်းအောင်၊ ၁၀-၈-၂၀၁၂

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)

## ကြည်း ၇၉၇၁

## အသက် (၉၅)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါနိုးကူးရပ်ကွက်၊ အိမ်အမှတ်-ဒ/၁၇၅ နေ (ဦးထွန်းတင်)၊ (ဒေါ်ကြင်)တို့၏သား၊ ဒေါ်နန်းခမ်း၏ခင်ပွန်း၊ ဒေါ်ခင်မူမူ၊ ဦးလှမြင့်၊ ဒေါ်သန်းသန်းအေး(လမင်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဒေါ်ခင်ဖြူဖြူ၊ ဒေါ်မိုးမိုးသက်၊ ဦးခင်မောင်ဇော်၊ (ဒေါ်ခင်ချိုချိုဝင်း)၊ ဒေါ်အိအိဟန်၊ ဒေါ်နွယ်နီဟန် (Discovery Private School)၊ ဒေါ်သိင်္ဂီဝင်း (Regional Manager, Telecity Trading Co.,Ltd)၊ မြေး (၁၁)ယောက်၊ မြစ် (၆)ယောက်တို့၏အဘိုး

**ဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)**

သည် (၁၂-၆-၂၀၂၆)သောကြာနေ့ နံနက် (၂:၂၅)အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် (၁၃-၆-၂၀၂၆)စနေနေ့ နေ့လယ် ၁၁ နာရီ အချိန်တွင် မန္တလေးမြို့၊ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြု တွေ့ဆုံ

စာမျက်နှာ - ၁၆



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းနှင့် စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း၌ ကျောင်းသားများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားစဉ်။**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) တပ်မတော် လူငယ်ပညာရေးသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းရုံးခန်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် တောင်သာဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မိုင်းခတ်ခရိုင်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ **စာမျက်နှာ ၂၃ ကော်လံ ၄ ❑**



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်ထံ ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူ တစ်ဦးက လက်နက် အပ်နှံစဉ်။



## နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDFအမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ခုနစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDFအမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၃ ဦးတို့သည် **စာမျက်နှာ ၂၇ ကော်လံ ၁ ❖**

## ၁၀ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th Myanmar-Thai Navy to Navy Talks) ပြုလုပ်

စာမျက်နှာ - ၂၅

## တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

စာမျက်နှာ - ၂၆